**MCB**
**Myanmar Citizens Bank**

# DRIVE TOGETHER TO EXCEL




# 2021
## ANNUAL REPORT

(၂၉) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကြီးသို့တင်သွင်းသည့်

ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်

# မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးအသီးရှိ MCB ဘဏ်များ



**စစ်ကိုင်းတိုင်းဒေသကြီး**

မုံရွာ ဘဏ်
ဖားကန့် ဘဏ်
တန့်ဆည် ဘဏ်
ရွှေဘို ဘဏ်

**မကွေးတိုင်းဒေသကြီး**

မကွေး ဘဏ်
ပခုက္ကူ ဘဏ်
အောင်လံ ဘဏ်
ရေစကြို ဘဏ်

**ရခိုင်ပြည်နယ်**

စစ်တွေ ဘဏ်

**နေပြည်တော်**

နေပြည်တော် ဘဏ်
နေပြည်တော် (မြို့မဈေးဘဏ်)

**ပဲခူးတိုင်း ဒေသကြီး**

ပဲခူး ဘဏ်
ပြည် ဘဏ်

**မန္တလေးတိုင်း ဒေသကြီး**

မန္တလေး ဘဏ်(၁)
မန္တလေး ဘဏ်(၂)
မန္တလေး ဘဏ်(၃)
မန္တလေး ဘဏ်(၄)
မန္တလေး ဘဏ်(၅)
မန္တလေး ဘဏ်(၆)
မန္တလေး ဘဏ်(၇)
မြင်းခြံ ဘဏ်

**ဧရာဝတီတိုင်း ဒေသကြီး**

ပုသိမ် ဘဏ်
မြောင်းမြ ဘဏ်

**ကချင်ပြည်နယ်**

မြစ်ကြီးနား ဘဏ်

**ရှမ်းပြည်နယ်**

တောင်ကြီး ဘဏ်
မူဆယ် ဘဏ်
လားရှိုး ဘဏ်
တာချီလိတ် ဘဏ်

**ကရင်ပြည်နယ်**

မြဝတီ ဘဏ်

**မွန်ပြည်နယ်**

မော်လမြိုင် ဘဏ်

**တနင်္သာရီတိုင်းဒေသကြီး**

မြိတ် ဘဏ်

**ရန်ကုန်တိုင်းဒေသကြီး**

ကျောက်တံတား ဘဏ်
ကျောက်တံတား ဘဏ်(၂)
ဘုရင့်နောင် မီနီဘဏ်
လသာ ဘဏ်
ပုဇွန်တောင် ဘဏ်
ပန်းဘဲတန်း မီနီ ဘဏ်
ဒေါပုံ ဘဏ်
မြောက်ဥက္ကလာပ ဘဏ်
တောင်ဥက္ကလာပ ဘဏ်
စော်ဘွားကြီးကုန်း ဘဏ်
ဗိုလ်အောင်ကျော် ဘဏ်
ရေကျော် ဘဏ်
စမ်းချောင်း ဘဏ်
ကြည့်မြင်တိုင် ဘဏ်
ဘုရင့်နောင် ဘဏ်
ခရမ်း ဘဏ်

# (၂၉)ကြိမ်မြောက် (၂၀၂၀ - ၂၀၂၁)ဘဏ္ဍာရေးနှစ်

## အထွေထွေအစည်းအဝေးကြီးသို့တင်သွင်းသည့် ဒါရိုက်တာအဖွဲ့၏အစီရင်ခံစာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နိဒါန်း | ၁၊ |
| ဥက္ကဋ္ဌ၏အစီရင်ခံစာ | ၂၊ ၃၊ |
| ဒါရိုက်တာအဖွဲ့(ဘုတ်အဖွဲ့) | ၄၊ |
| ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစနစ် | ၅၊ |
| ဘုတ်ကော်မတီ | ၆၊၇၊ |
| အမှုဆောင်အရာရှိချုပ်၏ အစီရင်ခံစာ | ၈၊ ၉၊ |
| MCB ခရီးစဉ် | ၁၀၊ |
| အုပ်ချုပ်ရေးနှင့်စီမံခန့် ခွဲရေးကော်မတီ | ၁၁၊ |
| ဆုံးရှုံးနိုင်ချေစီမံခန့်ခွဲမှု | ၁၂၊ ၁၃၊ |
| ရှေ့ဆက်ဆောင်ရွက်မည့်မဟာဗျူဟာမြောက်နည်းလမ်းများ | ၁၄၊ ၁၅၊၁၆၊ |
| မျှော်မှန်းချက်၊ တာဝန် နှင့် ယုဉ်ကျေးမှု | ၁၇၊ ၁၈၊ |
| လက်ရှိအစုရှယ်ယာပိုင်ဆိုင်မှုအခြေအနေ | ၁၉၊ |
| ရှယ်အများဆုံးပိုင်ဆိုင်မှုအခြေအနေ "Top 20" | ၂၀၊ |
| Yangon Stock Exchange တွင် Share ရောင်းဝယ်မှုအခြေအနေ | ၂၁၊ |
| Deposit Product များ | ၂၂၊ |
| ချေးငွေလုပ်ငန်းများ | ၂၃၊ |
| နိုင်ငံခြားငွေလုပ်ငန်းဆောင်ရွက်ခြင်း | ၂၄၊ |
| နိုင်ငံတကာငွေလွှဲလုပ်ငန်းများ | ၂၅၊ |
| နိုင်ငံတကာကုန်သွယ်မှုဘဏ္ဍာရေးဝန်ဆောင်မှုများအတွက်ဝန်ဆောင်မှုပေးခြင်း | ၂၆၊၂၇၊ |
| E-Payment စနစ်ဖြင့်ဝန်ဆောင်မှုပေးခြင်း | ၂၈၊ |
| Myanmar Pyament Union (MPU) | ၂၉၊ |
| International Card (JCB Co-brand Card and JCB Prepaid Card) | ၃၀၊ |
| Retail Mobile Banking /Internet Banking/Corporate Internet Banking | ၃၁၊ |
| Citizens Pay | ၃၂၊၃၃၊ |
| လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဆောင်ရွက်ခြင်း | ၃၄၊ |
| ဘဏ်ဝန်ဆောင်မှုများ | ၃၅၊ ၃၆၊ |
| Customer များ၏ စကားသံများ | ၃၇၊ |
| Financial Highlights | ၃၈ - ၄၆၊ |
| Internal Audit | ၄၇၊ ၄၈၊ |
| ဒါရိုက်တာများ၏တင်ပြချက် | ၄၉၊ ၅၀၊ |
| Win Thin & Associates အစီရင်ခံစာ | ၅၁ - ၅၆၊ |

# နိဒါန်း

မြန်မာနိုင်ငံသားများဘဏ်လီမိတက်အား မြန်မာနိုင်ငံ အထူးကုမ္ပဏီအက်ဥပဒေအရ ကုမ္ပဏီများမှတ်ပုံတင်ရုံး၏ ၃၀.၁၀.၉၁ ရက်စွဲပါ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၂၇၄/၁၉၉၁-၉၂) ဖြင့်မှတ်ပုံတင်၍ အများပိုင်ကုမ္ပဏီ လီမိတက် အဖြစ် ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၂၅-၅-၁၉၉၂ ရက်စွဲပါ လုပ်ငန်းလိုင်စင်အမှတ် မဗဘ၊ ဂျေ(အိုင်) -၁ ၁၉၉၂ ဖြင့်ခွင့်ပြုချက်အရ ၂-၆-၁၉၉၂ ရက်နေ့မှစ၍ အမှတ် (၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ဘဏ် ဖွင့်လှစ်၍ ဘဏ် လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။




၂၀၁၇ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့တွင် ဘဏ်လုပ်ငန်းသက်တမ်း (၂၅) နှစ်ပြည့်သည့် ငွေရတုသဘင် အခမ်းအနားကို အောင်မြင်စွာ ကျော်ဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ဘဏ် စတင်တည်ထောင်စဉ်က အစုရှယ်ယာများကို ဖက်စပ်ကော်ပိုရေးရှင်းများ နှင့် အများပြည်သူကပိုင်ဆိုင်ခဲ့ပါသည်။ ၁၉၉၈ ခုနှစ်တွင် ဖက်စပ်ကော်ပို ရေးရှင်းများကို ဖျက်သိမ်းခဲ့ရာ ဖက်စပ်ကော်ပိုရေးရှင်းများ၏ အစုရှယ်ယာများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိအဖွဲ့အစည်း များက ဝယ်ယူခဲ့ပြီး ယခုအခါ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ကုန်သွယ်ရေး ဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ကအသီးသီးပိုင်ဆိုင်ကြပါသည်။

# ဥက္ကဋ္ဌ ၏ အစီရင်ခံစာ

အစုရှယ်ယာရှင်များခင်ဗျား -
မင်္ဂလာပါ

စိတ်၏ ချမ်းသာခြင်း ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ ဆုတောင်း လိုက်ပါတယ်။

မြန်မာနိုင်ငံသားများဘဏ်ရဲ့ ဥက္ကဋ္ဌတစ်ဦးအဖြစ် တာဝန်ထမ်း ဆောင်ခွင့်ရခဲ့တဲ့ ခုနှစ်တွေ များစွာထဲက (၂၀၂၀ - ၂၀၂၁) ဘဏ္ဍာနှစ် ကတော့ ကျွန်တော်တို့ဘဏ် အတွက်စိန်ခေါ်မှုများစွာကို ရင်ဆိုင်ခဲ့ရသောနှစ်တစ်နှစ် ဖြစ်ပါတယ်။ Covid-19 ကပ် ရောဂါရိုက်ခတ်မှုကို အတော်လေးခံစားခဲ့ရတဲ့ စီးပွားရေးနယ်ပယ်မှာ အခြား သော အခက်အခဲ အကျပ်အတည်းများစွာကိုပါ အံတုရင်း ရင်ဆိုင်ကျော်လွှားဖို့ နည်းလမ်းအမျိုးမျိုးနဲ့ ကြိုးစားခဲ့ရတဲ့ ကာလတစ်ခုဆိုလည်း မမှားပါဘူး။ အထူး သဖြင့် ဘဏ်လုပ်ငန်းများအတွက်တော့ ပိုပြီးစိန် ခေါ်မှုအား ပြင်းထန်ခဲ့ပါတယ်။ မည်သို့ပင်အခက်အခဲများနှင့် ကြုံတွေ့ရပါစေ ကျွန်တော်တို့ မြန်မာနိုင်ငံသား များဘဏ် (MCB) သည် တစ် ရက်နှင့်တစ်ရက် ပိုမိုကောင်းမွန်သော စနစ်များ ဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်သွားမယ်ဆိုတာကို ခိုင်ခိုင်မာမာဆုံးဖြတ် ထားပြီး ဖြစ် ပါတယ်။ ဖြစ်ပေါ်လာခဲ့သည့် အကျပ်အတည်းများ၊ လုပ်ငန်းအခြေအနေ မတည် ငြိမ်မှုများ အပေါ် သုံးသပ်ကာ အဘက်ဘက်က ပြန်လည်ပြုပြင် ဆောင်ရွက်နိုင် ရန် စီမံ ကိန်း၊ မူဝါဒများကို ချမှတ် အကောင်အထည် ဖော်နေခဲ့ပြီလည်း ဖြစ် ပါတယ်။



တိုးအောင်မြင့်
ဥက္ကဋ္ဌ

ကျွန်တော်တို့ဘဏ်လုပ်ငန်းတွေ ဆိုတာဟာ မိမိဘဏ်ကို စိတ်ချယုံကြည်သည့် မိမိတို့၏ Customer များ၏ စုငွေအပ် ငွေများနှင့် အစု ရှယ်ယာရှင်များရဲ့ ထည့် ဝင်ငွေရင်းတွေ အပေါ် ရပ်တည်ရတာမို့ ဘဏ်အနေနဲ့ မည်သည့်လုပ် ဆောင်ချက် မျိုးကို မဆို လုပ် ဆောင်ရာတွင် ပထမ ဆုံးဦးစားပေး စဉ်းစား ခြင်းသည် Customer နှင့် အစုရှယ်ယာရှင် များ ဖြစ် ပါတယ် ဆိုတာကို အသိပေးလိုပါတယ် ခင်ဗျာ။ တစ် ဖက်မှာလည်း အစု ရှယ်ယာ ရှင် များအတွက် ဘဏ်အနေဖြင့် အမြတ် အစွန်းရရှိဖို့ ခက်ခဲတဲ့ အခြေအနေတွေကြား ကြိုးစားအား ထုတ်ခဲ့ ကြရပါတယ်။

MCB ၏အဓိက မျှော်မှန်းချက်များ၊ ရည်ရွယ် ချက်များအပေါ် အခြေခံကာ ရှယ် ယာ ရှင်ပေါင်း (၂၀၀၀) ခန့်၏ အကျိုး အမြတ် ဖြစ် ထွန်းမှုကို အစဉ်တစိုက် အကောင်အထည်ဖော် ဆောင် ရွက်နေခဲ့တာပဲ ဖြစ်ပါတယ်။ ဒီလိုအစွမ်းကုန် ကြိုးစား လုပ်ဆောင်ခဲ့တာတွေရဲ့ ရလာဒ် အဖြစ် (၂၀၂၀-၂၀၂၁) ဘဏ္ဍာနှစ်ကုန်တွင် ဘဏ် အနေဖြင့် အသားတင်အမြတ် မြန်မာကျပ်ငွေ (၁.၅၃) ဘီလီယံ (အခွန်ဆောင်ပြီး နောက်) ရရှိခဲ့ပါတယ်။

ကျွန်တော်တို့ MCB ရဲ့ ချေးငွေ Customer အများစုသည် ၂၀၂၀ - ၂၀၂၁ ခုနှစ် များအတွင်း ဖြစ်ပေါ်ခဲ့သော Covid-19 ကပ်ရောဂါ First Wave, Second Wave နဲ့ Third Wave တွေမှာ စီးပွားရေး အကျပ်အတည်းများစွာနဲ့ ရင်ဆိုင်ခဲ့ရပြီး ချေးငွေ ပြန်လည်ပေးဆပ်နိုင်မှု များ ကျ ဆင်းခဲ့တာတွေ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် မိမိတို့ဘဏ် အနေနဲ့ ချေးငွေ ပြန်လည်ပေးရန် ပျက်ကွက်သည့် Customer များ များပြား လာခြင်းကြောင့် NPL% မှာ ၅% ထက် ကျော် လွန်နေခဲ့တယ်ဆိုတာကို တင်ပြလိုက်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘဏ်များ လိုက်နာရမည့် ညွှန်ကြားချက်အရ သတ်မှတ် ထားသော အများဆုံး ရှိရမည့် Non Performimg Loan ရာခိုင်နှုန်း (NPL%) သည် ၅ ရာခိုင်နှုန်း အောက်ရှိမှသာလျှင် အမြတ် ဝေစုခွဲဝေပေး ရမည်ဟု သတ်မှတ်ထားတာ ရှိပါတယ်။ ဒါကြောင့် (၂၀၂၀-၂၀၂၁) ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစု ခွဲဝေပေးနိုင်ခြင်း မရှိကြောင်းကို ထည့်သွင်း ဖော်ပြရင်း၊ အစုရှယ်ယာရှင်များ အခုလို အမြတ်ဝေစု မရရှိခြင်းအပေါ် များစွာ စိတ်မကောင်း ဖြစ်ရပါကြောင်းနှင့် အဆင်မပြေ ဖြစ်မှုများ အတွက် နားလည်ခွင့်လွှတ်ပေးပါရန် လေးစားစွာဖြင့် မေတ္တာ ရပ်ခံအပ်ပါတယ်။

နောက်နှစ်များမှာ ယခုထက်ပိုကြိုးစား သွားမည် ဖြစ်ကြောင်း ကတိပေးလိုက်ပါတယ် ခင်ဗျာ။

မြန်မာနိုင်ငံသားများဘဏ်ရဲ့ ချေးငွေ ကဏ္ဍမှာ ဆိုရင်လည်း Long Term, Short Term Loan များ, Invoice Financing, Hire Purchase, SME (JICA Loan), SME Enterprise, Staff နှင့် Mobile Phone ချေးငွေများ စသည်တို့အတွက် ချေးငွေများ ထုတ် ချေး ခဲ့ပါတယ်။

ကျွန်တော်တို့ရဲ့ ချေးငွေ Customer အများစု ဟာဆိုရင် နိုင်ငံအတွက် အဓိကကျတဲ့ လယ်ယာ ကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ စက်မှုလက်မှု ကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ စတဲ့ စီးပွားရေး ကဏ္ဍ အသီးသီးက လုပ် ငန်းရှင်များ ဖြစ်ကြပါ တယ်။ လုပ်ငန်းကောင်းမွန် ထိရောက်စွာ လည်ပတ်ဖို့ရန်နှင့် နိုင်ငံအကျိုးစီးပွားကို တစ် ဖက်တစ်လမ်းမှ အထောက်အကူ ပြုနိုင်ရန် ရည်ရွယ်ပြီး အခုလို စီးပွားရေး အခန်းကဏ္ဍ တွေမှာ ထိရောက်အောင် ပံ့ပိုး ပေးနိုင်ခဲ့တာကို လည်း မြန်မာနိုင်ငံသားများဘဏ် အနေနဲ့ များစွာ ဂုဏ်ယူ မိပါတယ်။

# ဥက္ကဋ္ဌ ၏ အစီရင်ခံစာ

အခြေအနေအရပ်ရပ်ကြောင့် အချို့ကာလ နဲ့ အချို့သော ဒေသတွေမှာ ဘဏ်တွေ အပြည့် အဝဖွင့်လှစ်နိုင်ခြင်း မရှိခဲ့တဲ့ အခြေအနေ ဖြစ်ခဲ့ ရပါတယ်။ ၄င်းကာလနဲ့ အခြေအနေတွေ ကြားမှာ ရှိနေတဲ့ Customer များအတွက် လိုအပ် တဲ့ ဝန်ဆောင်မှုများကို အတတ်နိုင်ဆုံး အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေး နိုင်ခဲ့ကြ ပါတယ်။ အရင်လို ဘဏ်ကို fully operate လုပ်နေစဉ်ကလို ပြည့်ပြည့်စုံ စုံဝန်ဆောင် မှုမပေးနိုင်ခဲ့ပေမယ့်လည်း ဘဏ်အနေနဲ့ Customer များ လက် လှမ်းမီနိုင်တဲ့နေရာမှာ ဝန်ဆောင်မှုတွေ ကို ရယူနိုင်အောင် ကြိုးစား ပေးခဲ့ ပါတယ်။

ATM များ၊ Citizens Pay (Mobile Wallet)၊ Mobile Banking၊ Internet Banking စတာတွေကို Customer များ အကြား ပိုမို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင် စေရန် ယခင်ထက်ပိုပြီး ကြိုးစားဆောင်ရွက်ခဲ့ကြ ပါတယ်။ System upgrade လုပ်ခြင်း၊ Mobile Wallet ရဲ့ Feature တွေ ပိုမို ကောင်းမွန်လာအောင် တွန်းအားပေးဆောင် ရွက်ခဲ့ တယ် ဆိုတာကို MCB ဝန်ဆောင်မှုကို အသုံးပြုနေတဲ့ Customer တွေအားလုံး သိရှိကြမယ်လို့ ကျွန်တော် ယုံကြည် ပါတယ်။

ဘဏ်ဝန်ဆောင်မှု အခန်းကဏ္ဍ တွေမှာ Customer များအတွက် ကောင်းမွန်တဲ့ Deposit product အသစ် တွေနဲ့ မိတ်ဆက်ပေးနိုင်ခဲ့ ပါတယ်။ အရင်က Custom Savings Account, Deposit Account, Call Account, Fixed Account စတာတွေရှိခဲ့ ရာမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာဆိုရင် Special Current Account Deposit, Special Savings, Remit Savings, Special Call, Special Fixed စသဖြင့် Product အသစ်များကို ထုတ် လုပ်ပြီး Customer များထံသို့ မိတ်ဆက် ပေးခဲ့ပါတယ်။

Card ဝန်ဆောင် မှုများအဖြစ် MPU Card များ၊ JCB Prepaid Card များ၊ စတာတွေ ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးခဲ့ပြီး Customer များအနေဖြင့် ငွေသားကိုမသုံးစွဲပဲ ငွေပေးချေ နိုင်တဲ့ နည်း လမ်းများကို ပိုမိုရွေးချယ် အသုံးပြုနိုင်အောင် ဦးစားပေး စီစဉ် ဆောင်ရွက်ပေးခဲ့ပါတယ်။ အခုလို နှစ် ပေါင်း (၂၉)နှစ်တိုင်အောင် မြန်မာ နိုင်ငံ သားများဘဏ် (MCB) ဘဏ် ရယ်လို့ နာမည် တစ်ခုဖြင့် ဘဏ် လုပ်ငန်း ဝန်ဆောင် မှုများတွင် အများနည်းတူ လုပ်ငန်းများတွင် ကျယ်စွာ လုပ်ဆောင်နိုင်နေသည်က မိမိတို့ MCB ၏ Royal Customer များရဲ့ ဘဏ် အပေါ်မှာ ထားရှိတဲ့ စိတ်ချယုံကြည်မှု တွေ ကြောင့်ပဲ ဖြစ် ပါတယ်။ ဒါကြောင့်လည်း MCB ဘဏ်တွင် ယခုနှစ် (၂၀၂၀-၂၀၂၁) ဘဏ္ဍာနှစ် တွင် Deposit အပ်နှံမှုများလည်း တိုးပွားလာ - ပြီး ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ အထိ စုစု ပေါင်း Deposit ၅၃၃ ဘီလီယံရှိပါ တယ်။

အခုလိုအခက်အခဲ အကျပ်အတည်း ကာလ မှာပင် MCB သည် အသားတင်အမြတ် ငွေ ၁.၅၃ ဘီလီယံလည်း ရရှိခဲ့ပါသည်။ ထို့အပြင် ဘဏ် များ၏ ငွေကြေးခိုင်မာတောင့်တင်းမှုကို တိုင်းတာသည့် ငွေဖြစ်လွယ်မှုအချိုး Liquidity Ratio သည် ဗဟိုဘဏ်မှ သတ်မှတ်ထားသည့် အနည်းဆုံး ၂၀% ရှိရမည့် သတ်မှတ်ချက် အပေါ်တွင် MCB ဘဏ်အနေဖြင့် ၆၁.၆% ရှိပြီး၊ Capital Adequacy Ratio မှာ ဗဟိုဘဏ် သတ်မှတ်ချက်အရ အနည်းဆုံး ၈% ရှိရ မည် ကိုကျော်လွန်ကာ ၁၉.၃% အထိ ရှိနေသော ကြောင့် MCB ၏ Deposit Customer များအနေဖြင့် MCB တွင် အပ်နှံထား သည့် မိမိတို့၏ ငွေကြေးများမှာ စိတ်ချယုံကြည် ရပြီး ငွေရေးကြေးရေး ခိုင်မာ တောင့်တင်းသော ဘဏ်တစ်ခုတွင် ယုံကြည်စွာ အပ်နှံထားခြင်း ဖြစ်သည်ကို အကြွင်းမဲ့ ယုံကြည်ကြဖို့ တိုက်တွန်း လိုက် ပါတယ်။

နိဂုံးချုပ်အားဖြင့် မည်မျှသော အခက်အခဲ အကျပ်အတည်းများဖြင့် ရင်ဆိုင်ရစေကာမူ မြန်မာနိုင်ငံသားများဘဏ်၏ ဒါရိုက်တာအဖွဲ့၊ စီမံအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဝန်ထမ်းများ အားလုံးသည် အကောင်းမွန်ဆုံးကြိုးစားအား ထုတ်ခဲ့ကြပြီး ဘဏ်၏လုပ်ငန်းများ ရပ်တန့် မသွားရန်၊ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှု များကို အချိန်နှင့် တပြေးညီ Customer များ လိုအပ်သလို အသုံးပြုနိုင်ရန်၊ ကျန်းမာရေးဝန် ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက သတ်မှတ်ထားသော Covid-19 ကန့်သတ် ချက်များကို လိုက်နာပြီး ဝန်ဆောင်မှုပေးသွား ရန်၊ စသဖြင့် အဖက်ဖက်က ပြည့်ပြည့်ဝဝ စဉ်းစား ဆွေးနွေးပြီး ဘဏ်ရှိအစု ရှယ်ယာရှင် များ၊ Customer များအားလုံး၏ အကျိုး အမြတ် ကိုသာ ရည်ရွယ်ပြီး ကြိုးစားလုပ် ဆောင်ခဲ့ကြသည့်အပေါ် အထူးပင်ကျေးဇူး တင်ရှိပါ ကြောင်း ပြောကြားလိုပါတယ်။ ဒို့အပြင် ဘဏ်လုပ်ငန်းဝန်ဆောင်မှု အဆင်မပြေဖြစ်မှု တွေ များစွာရှိခဲ့သည့်ကြားက အခုချိန်ထိ MCB ဘဏ်ကို ယုံကြည်စိတ်ချစွာဖြင့် ရင်းနှီး မြှုပ်နှံ ကြသော အစုရှယ်ယာရှင်များ၊ Customer များအားလုံးကို မြန်မာနိုင်ငံသားများဘဏ်မှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်းနှင့်၊ ရှေ့ဆက်ပြီး ပိုမိုကောင်းမွန်သော ဝန်ဆောင်မှု များ၊ အကျိုးအမြတ်များ ရရှိအောင် ကြိုးစား ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ် လိုက်ရပါတယ် ခင်ဗျား။

အစုရှယ်ယာရှင်များအားလုံး ဘေးအန္တရာယ် ကင်းကွာပြီး စိတ်၏ချမ်းသာခြင်း ကိုယ်၏ ကျန်းမာခြင်းဖြင့် ပြည့်စုံပါစေလို့ ဆုတောင်း မေတ္တာပို့သလိုက်ရပါတယ် ခင်ဗျား။

လေးစားစွာဖြင့်

တိုးအောင်မြင့်
ဥက္ကဋ္ဌ

# ဒါရိုက်တာအဖွဲ့

မြန်မာနိုင်ငံသားများဘဏ်၏ နာယကမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြစ်ပါသည်။

၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံသားများ ဘဏ်လီမိတက် ၏ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် (၂၈)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး၏ သဘောတူ အတည်ပြုချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ ပါဝင်သော ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။



ဦးတိုးအောင်မြင့်
ဒါရိုက်တာ



ဦးမင်းမင်း
ဒါရိုက်တာ



ဦးကိုကိုကြီး
ဒါရိုက်တာ



ဦးလှဦး
ဒါရိုက်တာ



DAW CHERRY TRIVEDI
ဒါရိုက်တာ



ဦးဇေယျာသူရမွန်
ဒါရိုက်တာ



ဦးထွန်းလွင်
ဒါရိုက်တာ



ဦးအုန်းဆိုင်
ဒါရိုက်တာ



ဦးရန်ပိုင်စိုးဦး
ဒါရိုက်တာ



ဦးအောင်အောင်
ဒါရိုက်တာ



ဦးအောင်စိုး
သီးခြားလွတ်လပ်သော ဒါရိုက်တာ


# ကော်ပိုရိတ် အုပ်ချုပ်မှုစနစ် (CORPORATE GOVERNANCE)

MCBသည် ကော်ပိုရိတ်အုပ်ချုပ်မှုနှင့် လိုက်နာဆောင်ရွက်မှုဆိုင်ရာ စည်းမျဉ်း စည်းကမ်း ချက်များ အား တိကျစွာ လိုက်နာဆောင်ရွက်ခြင်း မူဝါဒဖြင့်ဘဏ်လုပ်ငန်းများကိုလုပ်ကိုင်ဆောင်ရွက်နေပါသည်။ ဒါရိုက်တာအဖွဲ့ (ဘုတ်အဖွဲ့) သည် ဘဏ်၏ အဓိက မူဝါဒများ၊ လမ်းညွှန်ချက်များ နှင့် နှစ်စဉ် မဟာဗျူဟာ များကို ပြင်ဆင်ရေး ဆွဲခြင်းတွင် ပါဝင် ဆောင်ရွက်ပြီး ကြီးကြပ် ကွပ်ကဲမှု များကို လုပ်ဆောင် ပေးပါသည်။ ဘဏ်လုပ်ငန်း ဆိုင်ရာ စီမံ ခန့်ခွဲမှု များ အား ဘုတ်အဖွဲ့မှ စီမံခန့်ခွဲရန်အပ်နှင်းထားသော သက်ဆိုင်ရာ ကျွမ်းကျင်လူပုဂ္ဂိုလ်များ၊ ဌာနများက စီမံခန့်ခွဲမှုကောင်းများ ကို သင့်လျော်သည့် လုပ်ပိုင်ခွင့် အဆင့်ဆင့်ဖြင့် စီးပွားရေး နှင့် လုပ်ငန်း လည်ပတ်မှု ဆိုင်ရာ လုပ်ငန်းအားလုံး ကို ဆောင်ရွက်ရန် အတွက် အတူတကွဆောင်ရွက်ကြပါသည်။

ထို့ပြင် ဘုတ်အဖွဲ့သည် ချေးငွေကော်မတီ၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးကော်မတီ၊ဝန်ထမ်းစုဆောင်းခြင်းနှင့် လုပ်ခလစာ ဆိုင်ရာ ကော်မတီ၊ စာရင်းစစ် ကော်မတီ၊ ပိုင်ဆိုင်မှု နှင့် တာဝန်ယူမှု ဆိုင်ရာ ကော်မတီ၊ နည်းပညာ ဆိုင်ရာ ဦးဆောင် ကော်မတီ၊ မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ကော်မတီ စသည်တို့ မှ တစ်ဆင့် စီမံခန့်ခွဲမှုအဖွဲ့များမှ ဆောင်ရွက် လျက်ရှိသော နေ့စဉ် လုပ်ငန်းဆောင်တာ များတွင် လုပ်ဆောင်ချက်များ ရှင်းလင်း တင်ပြမှုများ အပေါ်တွင် ကြီးကြပ် ကွပ်ကဲလျက်ရှိပါသည်။ စီမံခန့်ခွဲမှု လုပ်ငန်းဆောင်တာများ အပေါ် ကြီးကြပ်မှုနှင့် အပြန်အလှန်စစ်ဆေးထိန်းကျောင်း မှုတို့ လုပ်ဆောင်ရာ တွင် အဆိုပါ ကော်မတီများ ၏ တိုက်ရိုက်ကြီးကြပ်မှု၊ အစီရင်ခံခြင်း တို့မှ တစ်ဆင့် စည်းစနစ်ကျ သော ကော်ပိုရိတ် အုပ်ချုပ်မှုနှင့် လိုက်နာ ဆောင်ရွက်မှု အခြေအနေများ အား အမြဲမပြတ် စောင့်ကြည့် အကဲခတ် နိုင်စေရန်ရည်ရွယ်ပြီး ကော်မတီများ ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။

MCB ၏ ကော်ပိုရိတ် အုပ်ချုပ်မှုစနစ် သည် ဘဏ် အတွင်းရှိ ဝန်ထမ်းများ အားလုံး၏ တာဝန်ယူမှု၊ တာဝန်ခံမှုကို မြှင့်တင် နိုင်ရန် ဖွဲ့စည်းထားခြင်း ဖြစ်ပြီး ခိုင်မာသော ကော်ပိုရိတ် အုပ်ချုပ်မှု စနစ်ရှိသော ကြောင့် ကျွန်ုပ်တို့၏ ဘဏ် သည်စီမံခန့်ခွဲမှုကောင်းမွန်ကြောင်းနှင့် ယင်းစီမံခန့်ခွဲမှု၏အကျိုးစီးပွားများသည်ကျွန်ုပ်တို့၏ရှယ်ယာရှင်များနှင့်သုံးစွဲ သူများ အတွက် အကျိုး အမြတ် ရှိကြောင်း ကို ပွင့်လင်း မြင်သာမှု ရှိစွာ နှစ်စဉ် အစီရင်ခံ တင်ပြ နိုင်စေရန် အတွက် အထောက်အကူပြုပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ဘဏ် သည် ဘဏ် လုပ်ငန်းနယ်ပယ် တွင် အများ နည်းတူ ယှဉ်ပြိုင် နိုင်ပြီး ခိုင်မာသည့် အခြေအနေတစ်ခုတွင် ရပ်တည်နေပြီးလည်း ဖြစ်ပါသည်။

## Corporate Governance



# ဘုတ်အဖွဲ့ကော်မတီများ

## ချေးငွေကော်မတီဘုတ်အဖွဲ့ (BCC)

BCCသည် (၁)ဘဏ် ၏ ချေးငွေ ဆုံးရှုံးခြင်း ဆိုင်ရာ စီမံ ခန့်ခွဲ မှုကို ကြီးကြပ် ခြင်း (၂) ဘဏ်ချေးငွေအချက်အလက်၏အရည်အသွေးနှင့်စွမ်းဆောင်ရည်ကိုပြန်လည်သုံးသပ်ခြင်းနှင့်(၃)ချေးငွေအဆိုပြုချက်များအပေါ် ဆုံးဖြတ်ချက်ချခြင်း(အတည်ပြုခြင်း(သို့မဟုတ်)ပယ်ချခြင်း)များပါဝင်သည့် ဘဏ်၏ ချေးငွေနှင့်ငွေချေးခြင်းဆိုင်ရာ မဟာဗျူဟာများနှင့် ရည်ရွယ်ချက်များကို ကြီးကြပ်ရန် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။

## ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးကော်မတီ (BRMC)

BRMC သည် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးမူဘောင်တစ်ခုအား တည်ထောင်ခြင်း၊ လုပ်ငန်းများ၏ ထိရောက်မှုနှင့်အကောင် အထည် ဖော်ဆောင်ရွက်ခြင်း များ ပေါ် တွင် ကြီး ကြပ် ကွပ်ကဲရန် နှင့် ပြန်လည် သုံးသပ်ခြင်း စသည်တို့ကိုလုပ် ဆောင် ရန် ဖြစ်ပြီး အရည် အသွေး ပြည့်မီသော ထုတ်ကုန်နှင့် ဝန်ဆောင်မှု များဖြစ်လာစေရန် အတွက် ဆုံးရှုံးနိုင်ခြေရှိမှုများ အား ကြိုတင် ကာကွယ်တားဆီး နိုင်ရန် အတွက် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။

## စာရင်းစစ်ကော်မတီဘုတ်အဖွဲ့ (BAC)

BAC သည် ဘဏ်၏ အုပ်ချုပ်မှု၊ ဆုံးရှုံး နိုင်ခြေ စီမံခန့်ခွဲမှု နှင့် ဘဏ် အတွင်းကန့်သတ်ထိန်းချုပ်မှု ဆိုင်ရာအလေ့အကျင့်များ အား စနစ် တကျ ကြီးကြပ်ကွပ်ကဲရန်ဖြစ်ပါ သည်။ ကော်မတီသည်အဖွဲ့အစည်း၏လုပ်ငန်းများ ထိရောက်စွာ လက်တွေ့လုပ် ဆောင် နိုင်ခြင်း ရှိခြင်း (သို့မဟုတ်) မရှိခြင်း နှင့် ပက်သတ် သည့် လေ့လာ တွေ့ရှိ ချက် အစီရင်ခံစာများ၊ အကြံဉာဏ်များနှင့် လမ်းညွှန်မှုများကို ပံ့ပိုးပေးခြင်းဖြင့် ဘုတ်အဖွဲ့နှင့် စီမံခန့်ခွဲမှုများကို အကူအညီပေးရန် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။

## ဝန်ထမ်းစုဆောင်းခြင်းနှင့် လုပ်ခလစာဆိုင်ရာ ကော်မတီ (RNC)

RNC သည် နိုင်ငံခြားသားပညာရှင်များ အပါအဝင် စီမံခန့်ခွဲမှုအဆင့်တွင် ရှိသော ဝန်ထမ်းများ၏ လုပ်ငန်းလုပ်ဆောင်စွမ်းရည် လိုအပ်ချက်များကို သုံးသပ်ရန်နှင့် ဝန်ထမ်း ခန့်အပ်ခြင်းများ နှင့် ဝန်ထမ်းများ၏ အကျိုး ခံစားခွင့်များ နှင့် စပ်လျဉ်း ပြီး ဆုံးဖြတ် ချက် များ ချမှတ် ပေးခြင်း ဖြစ်ပြီး ကော်မတီ သည် ဘဏ်၏ ရေရှည် မဟာ ဗျူဟာမျှော်မှန်းချက် နှင့်အညီ ဈေးကွက်စံနှုန်းများနှင့် အလေ့အထများအရ HR ကိစ္စရပ်များကို စေ့စေ့စပ်စပ် သုံးသပ်ဆုံး-ဖြတ်ပြီး ဝန်ထမ်းများအား ဘဏ်လုပ်ငန်း၏ ကျွမ်းကျင်ပညာရှင်ပီသပြီး လုပ်ငန်းတိုးတက်မှုစွမ်းရည် မြင့်မားလာရန် လိုအပ်သည့် အကဲဖြတ်မှု များကို ဆောင်ရွက်ရန် အတွက် ဖွဲ့စည်း ထားခြင်း ဖြစ်ပါသည်။

## ပိုင်ဆိုင်မှုနှင့် တာဝန်ယူမှုကော်မတီ (ALCO)

ALCO သည်ဘဏ်၏ ပိုင်ဆိုင်မှု နှင့် ဘဏ် လုပ်ငန်း ဆိုင်ရာ ထုတ်ကုန် များ၊ အတိုး နှုန်းများ၊ အဖိုး အခများစသည် တို့ကို ကြီးကြပ်ကွပ်ကဲရန် အတွက် တာဝန်ရှိပြီး၊ ဘဏ်၏ ဘဏ္ဍာရေးဆိုင်ရာ စာရင်းရှင်းလင်းမှုများ၊ ပိုင်ဆိုင်မှု များနှင့် ပတ်သတ်သည့် စာရင်းရှင်းလင်းမှုများ၊ ဆုံးရှုံးနိုင်ခြေများ စသည်တို့ကို ထိရောက်စွာ အကဲဖြတ်ရန် ကြီးကြပ်ကွပ်ကဲ ရပါသည်။ ALCO ၏ အဓိက ရည်မှန်း ချက် များ သည် အတိုး ဝင်ငွေ နှင့် အတိုး အသုံး စရိတ် တို့ ကြား ဘဏ်၏ အတိုးနှုန်းကို စီမံခန့်ခွဲရာတွင် ခိုင်မာသော ငွေဖြစ်လွယ်မှုကို အစဉ် မပြတ် လေ့လာ စောင့်ကြည့်ရန် အတွက် ဖွဲ့စည်း ထားခြင်း ဖြစ်ပါသည်။

## နည်းပညာဆိုင်ရာ ဦးဆောင်ကော်မတီ (ITSC)

ITSC သည် နည်းပညာ ဆိုင်ရာ မဟာ ဗျူဟာများ နှင့် မူဝါဒများကို ချမှတ်ရန် အတွက် အဓိက ကျသောနည်းပညာ ဆိုင်ရာ စွမ်းဆောင် ရည်၊ နည်း ပညာ ဆိုင်ရာ ဦးစား ပေး မှုများ၊ နည်း ပညာ ဆိုင်ရာ သုံးငွေ လျာထား ချက်များ နှင့် Core banking စနစ်ဆောင်ရွက်ချက်များပေါ်တွင်ခေတ်နှင့်အညီ မွမ်းမံခြင်းများကိုလိုအပ်သလို ကြီးကြပ်ကွပ်ကဲ ပေးရန် အတွက် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။

## မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု ကော်မတီ (SIC)

SIC သည် ဒါရိုက်တာ ဘုတ်အဖွဲ့၏ မဟာ ဗျူဟာ မြောက် ရင်းနှီး မြှုပ်နှံမှု အစီအစဉ် နှင့် ဘဏ် ၏ လုပ်ငန်းများကို တိုးတက်လာစေခြင်းနှင့်အစီအစဉ်ရေးဆွဲထားသောအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လျာထား ချက်များ အတိုင်း အကောင် အထည် ဖော်ခြင်း တို့နှင့် စပ်လျဉ်း၍ လုပ်ငန်း တာဝန်များ ကို ကြီးကြပ် ကွပ်ကဲ ရန်အတွက် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။

# CEO ၏ အစီရင်ခံစာ



လေးစားအပ်ပါသော ဒါရိုက်တာများ၊ အစုရှယ်ယာရှင်များနှင့် Customer များ အားလုံးကို မင်္ဂလာအပေါင်းနှင့် ခရောင်း ပါစေကြောင်း လိုက်လှဲစွာ နှုတ်ခွန်း ဆက်သလိုက်ပါတယ်။ ကမ္ဘာတစ်ဝန်းလုံးသည် Covid-19 ကပ်ရောဂါ ကြောင့် အသက် အိုးအိမ် စည်းစိမ်ဆုံးရှုံးမှုနှင့် စီးပွားရေး ကမောက်ကမဖြစ်မှု တို့ကို ရင်ဆိုင်ကျော်ဖြတ် နေရဆဲ အခြေအနေနဲ့ ရင်ဆိုင်နေခဲ့ရတာ (၂)နှစ်ကျော် ကာလရှိပါပြီ။ မြန်မာနိုင်ငံသည် လည်း ဒီထိခိုက် နစ်နာမှုကို ခံစားနေရသော နိုင်ငံတွေထဲကတစ်ခု အပါအဝင် ဖြစ်ပါတယ်။ လက်ရှိတွင် ဘဏ်လုပ်ငန်း များသည် ရေရှည်တည်တံ့ ခိုင်မြဲမှု အား ထိခိုက်စေနိုင်သည့် အကျပ်အတည်း စိန်ခေါ်မှုများနှင့် ရင်ဆိုင် ကြုံတွေ့နေကြရတဲ့ ကာလတစ်ခု ဖြစ်ပါတယ်။ သို့သော်လည်း ဒီလိုအချိန်မှာ လက်ပိုက်ရပ်ကြည့်မနေနိုင်ဘဲ ဘဏ်၏ အခြေခံ အုတ်မြစ်ကို ခိုင်မာစေရန်အတွက် မိမိတို့ကိုယ်တိုင် သတိရှိရှိ တာဝန် သိသိဖြင့် ဂရု တစိုက်ဆောင်ရွက်ရမည်ဖြစ်ပြီး အထူးသဖြင့် ဘဏ်၏ ရေရှည်တည်တံ့ ခိုင်မြဲစေရန် အတွက်သာမက နိုင်ငံ၏ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေး ကဏ္ဍတစ်ခုလုံး ရေရှည် တည်တံ့ ခိုင်မြဲရေးအတွက် ဆောင်ရွက် သွားကြရမှာ ဖြစ်ပါတယ်။ အစုလို ရည်ရွယ်ချက်ဖြင့် MCB သည် (၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်) စီးပွား ရေး ဆောင်ရွက် ချက်များနှင့် လုပ်ငန်း လည်ပတ်မှုဆိုင်ရာ လုပ် ငန်း ဆောင်တာ များအားလုံးကို အတတ်နိုင်ဆုံး ဂရုတစိုက် စီမံကွပ်ကဲရန် အဓိက အာရုံစိုက်ပြီး ဘဏ်၏ စုစည်းခိုင်မာမှုနှင့် ရေရှည် တည်တံ့ခိုင်မာမှုတို့ဖြင့် နိုင်ငံတွင်း ငွေရေး ကြေးရေးစနစ် တည်ငြိမ်ရေးကို အ ထောက်အကူ ဖြစ်လာစေဖို့ ဆောင် ရွက်လျက် ရှိတယ်ဆိုတာကို အသိပေး လိုပါတယ်။

**GOVINDA GURUNG**
**CEO**

အစီရင်ခံစာ ရေးသားနေသည့် ကာလ တစ်လျှောက် လုံးတွင် ခက်ခဲ သော စီးပွားရေး အခြေ အနေများနှင့် ကြုံတွေ့ခနခဲ့ရ သော်လည်း ကျွန်တော်တို့အနေနဲ့ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ အပ်ငွေပမာဏ မြန်မာကျပ်ငွေ (၅၃၃) ဘီလီယံအား ထိန်းသိမ်း ထားနိုင်ခဲ့ပြီး ချေးငွေနှင့် ကြိုတင်ငွေများ ကိုလည်း မြန်မာကျပ် ငွေ ၂၅၅ ဘီလီယံတွင် ထိန်းသိမ်းထား နိုင်ခဲ့ပါတယ်။ အခက်အခဲများ နှင့် ကြုံတွေ့နေသည့် ကာလများမှာတင် ကောင်း မွန်သော တိုးတက်မှုများကို မြင်တွေ့ခဲ့ရပါတယ်။ ချေးငွေ ပမာဏ အပြောင်းအလဲများ ကြောင့် CAR အချိုးသည် ချေးငွေများနှင့် ကြိုတင်ငွေပမာဏတွင် သိသာစွာ လျှော့ချခြင်းအား ၁၉.၃% အထိ သိသိသာသာ တိုးလာစေပြီး ဘဏ်၏ Shock bearing စွမ်းရည်ကို မြှင့်တင်ပေးနိုင်ရုံ သာမက LD အချိုးကို လည်းပဲ ၄၈% ထိ သိသာ ထင် ရှားစွာ တိုးမြှင့်ပေးနိုင်ပြီး ဘဏ်၏ ကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်သည့် ငွေဖြစ်လွယ်မှု အနေအထားကို အထောက်အကူ ပြုနိုင်ခဲ့ ပါတယ်။

ဒ့ါအပြင် ဘဏ်၏ အတိုးရငွေ ပိုင်ဆိုင်မှု အစုစု (Interest Earning Asset Portfolio) အရ ပိုင်ဆိုင်ပစ္စည်း အားလုံးသည် အစီရင်ခံသည့် ကာလ အတွင်း မြန်မာကျပ်ငွေ (၅၁၆) ဘီလီယံထိ သိသာ စွာ တိုးတက်လာခဲ့ပြီး အတိုး ရရှိသည့် ပိုင်ဆိုင်ပစ္စည်း၏ ၅၁ရာခိုင်နှုန်းသည် အစိုးရ ငွေတိုက်စာချုပ်များနှင့် ရင်းနှီးမြုပ်နှံမှု များ ပင်ဖြစ်ပါသည်။ ဘဏ်သည် ငွေဖြစ်လွယ်မှုအချိုး ၆၁.၆ ရာခိုင်နှုန်းဖြင့် ရပ်တည်နေပြီး ဆက်လက် ဖြစ်ပေါ်နေ သော စိန်ခေါ်မှုများနှင့် အခက် အခဲများ ကြားမှပင် ဘဏ်သည် ယခင် ဘဏ္ဍာနှစ် နှင့် နှိုင်းယှဉ်ပါက ပြုပြင် ပြောင်းလဲမှု လုပ်ဆောင်သည့် ပြန်လည်သုံးသပ်သည့် ကာလအတွင်း အသားတင် အမြတ် မြန်မာကျပ်ငွေ ၁.၅၃ ဘီလီယံ (အခွန်ဆောင်ပြီးနောက်) ကို ရရှိနိုင်ခဲ့ပါတယ်။ ယခုအခါ Covid-19 ကာကွယ်ဆေးများ နိုင်ငံအနှံ့နီးပါး ထိုးနှံနိုင်ခဲ့ပြီး ပြည်သူ့ကျန်းမာရေးနှင့် လူမှုစီးပွား အခြေအနေ၌ မျှော်မှန်းထားသည့် တိုးတက် ပြောင်းလဲလာမှုနှင့်အတူ ပြည်သူများ၏ လှုပ်ရှားသွားလာနိုင်မှု မြင့်တက်လာခြင်း၊ စက်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုဆိုင်ရာ ဆက်ဆံရေး ပိုမိုကောင်းမွန်လာခြင်း စသည့် ကဏ္ဍအားလုံးတွင် စီးပွားရေး အခွင့်အလမ်းများနှင့် အလားအလာ များကို ဖွင့်လှစ်ပေးကာ အကောင်းမြင်ဝါဒ ကို ဆက်လက်ဖော်ဆောင်လျက် ၂၀၂၂ ခုနှစ် နှစ်သစ်အခါသမယတွင် စီးပွားရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍတွင် ပုံမှန်အခြေအနေသို့ တဖြည်းဖြည်း ပြန်လည် ရောက်ရှိရန် ကျွန်ုပ်တို့ မျှော် လင့်သောကြောင့် ၂၀၂၂ ခုနှစ်တွင် တိုးတက်မှု ကို ပြန်လည်ရရှိလာစေရန် အထောက်အကူ ဖြစ်စေမယ်လို့ ယုံကြည်ထားပါတယ်။ ဘဏ်၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ နှင့် ရည်ရွယ်ချက်များ ရေရှည် အောင်မြင်စေရန်အတွက် သုံးစွဲသူ၏ အရေအတွက်နှင့် လုပ်ငန်း ပမာဏတိုးတက်လာဖို့ လိုအပ်ပါတယ်။ ဝန်ထမ်းများ၊ ဘဏ်ခွဲအချင်းချင်း ချိတ်ဆက်မှုနှင့် သတင်းအချက်အလက် နည်းပညာ။ ဒစ်ဂျစ်တယ်ချန်နယ်များသည် ဘဏ်အတွက် အဓိက တိုးတက်စေမည့် တွန်းအား ပေးသည့် အချက်များ ဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ နားလည် သဘောပေါက်ပါသည်။

# CEO ၏ အစီရင်ခံစာ

ဝန်ထမ်းများသည် မည်သည့် အဖွဲ့အစည်းအတွက်မဆို တိုးတက်မှုနှင့် အောင်မြင်မှု၏ အဓိကကျသော အချက်ဖြစ်သောကြောင့် ဘဏ် အနေဖြင့် လူ့စွမ်းအား အရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆက်လက် လုပ်ဆောင်ရမည့် မဟာဗျူဟာကို ချမှတ်ကာ ဖြစ်နိုင်သမျှ အကောင်းဆုံးသော နည်းလမ်းဖြင့် ၎င်းတို့၏ သုံးစွဲသူများအား ဝန်ဆောင်မှုပေးရန် ဆန္ဒပြင်းပြမှုနှင့် ယုံကြည်ချက်ရှိသော ဝန်ထမ်း များဖြစ်စေရန် လေ့ကျင့်ပေးရမှာပဲ ဖြစ်ပါတယ်။ ဘဏ်လုပ်ငန်းသည် ဝန်ဆောင်မှု လုပ်ငန်း တစ်ခုဖြစ်သောကြောင့် "Customer Service Excellence" အတွက် အမြဲတစေ မဟာ ဗျူဟာမြောက် အစီအစဉ်များချမှတ်ပြီး ပိုမို ကောင်းမွန်သော ဝန်ဆောင်မှုများ ပေးရန် စီစဉ် လျက် ရှိပါတယ်။ ကူးသန်းရောင်းဝယ်ရေးဘဏ်များ၏ ဝန်ဆောင်မှု အင်္ဂါရပ်များတွင် ကွဲပြားခြားနား မှုများသည် ကျဉ်းမြောင်းသော်လည်း မကြာသေးမီကာလများအတွင်း ပြိုင်ဆိုင်မှုသည် အလွန်ပြင်းထန်လာသည်ကို တွေ့ရှိရပါတယ်။ ဒါ့ကြောင့် သုံးစွဲသူများကို ဆွဲဆောင်ရန်နှင့် ၎င်းတို့၏လုပ်ငန်းကို အောင်မြင်စေရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ အကောင်း ဆုံး သော ဝန်ဆောင်မှုမှတစ်ဆင့် ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။ ကျွန်ုပ်တို့သည် ဘဏ်အတွင်း ဝန် ဆောင်မှုအကောင်းဆုံးဖြစ်စေရန် "Customer Service Excellence" ကို ချမှတ်လုပ်ဆောင်နေပြီး ကျွန်ုပ်တို့ဘဏ်၏ ဈေးကွက်ရှာဖွေရေး အတွက် USP တစ်ခု အနေဖြင့် "Customer Service Excellence" ကို ဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်လို့ ယုံကြည် ထားပါတယ်။ လက်ရှိ အချိန်ကာလတွင် ကျွန်ုပ်တို့သည် ဝေးလံ ခေါင်သီသော အရပ်ဒေသများမှနယ်၊ မြို့ ပြဒေသ များအထိ နိုင်ငံတစ်ဝှမ်းရှိ သုံးစွဲသူပေါင်း ၁၂၅,၀၀၀ ကျော်အား ဘဏ်ခွဲ ၄၇ ခု၊ ဘဏ်ခွဲ ငယ် ၂ ခု၊ ATM စက် ၄၈ လုံးနှင့် CRM ၂ လုံး၊ ATM, Internet Banking, Mobile Banking, Citizens Pay နှင့် JCB Card ဝန်ဆောင်မှုများကို ၂၀၂၂/ ၂၀၂၃ ဘဏ္ဍာနှစ် တွင် တဖြည်းဖြည်းချဲ့ထွင်သွားရန်နှင့် ၂၀၂၃/ ၂၀၂၄ ဘဏ္ဍာနှစ်တို့တွင် လျင်မြန်စွာ တိုးချဲ့ သွားရန် စီစဉ်ထားရှိပြီး ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများပေး လျက်ရှိပါတယ်။

Online/ Internet Banking, Mobile Banking, JCB/VISA ကတ်များ၊ Wallet, ATM စက်များ စသည်တို့ကဲ့သို့သော အစားထိုးပံ့ပိုးရေးလမ်းကြောင်းများသည် ကျွန်ုပ်တို့၏ တန်ဖိုးရှိသော သုံးစွဲသူအား ဘဏ်လုပ်ငန်း ဆိုင်ရာ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုအမျိုးမျိုးကို ပံ့ပိုးပေးရန်မှာလည်း အရေးကြီး ပါတယ်။ စီးပွားရေးလုပ်ငန်းကဏ္ဍတွင် ကျွန်ုပ်တို့၏ မဟာဗျူဟာသည် အာရုံစူးစိုက်မှုနှင့် အခြားဆက်စပ်သည့် ဆုံးရှုံးနိုင်ခြေများကို လျှော့ပါး သက်သာစေ ရန်အတွက် အပ်ငွေနှင့် ချေးငွေ အစုစုနစ်ခုလုံး အား အထူး ဂရုပြုကာ စီစဉ်ပေးလျက်ရှိနေပါ တယ်။ ချေးငွေများနှင့် ကြိုတင်ငွေများနှင့် စပ် လျဉ်းပြီး ကျွန်ုပ်တို့၏မဟာဗျူဟာမှာ SMEs နှင့် Consumer Loans တို့အား အဓိကထား၍ ကဏ္ဍအလိုက် ဝန်ဆောင်မှုများ ပေးခြင်း၊ ကုန်သွယ်မှုဆိုင်ရာ ဘဏ္ဍာငွေ ပံ့ပိုးမှု လုပ်ငန်းများကို ဆွဲဆောင်ရန် အတွက် ကော်ပိုရိတ် ချေးငွေများ ကိုလည်း လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ထို့အပြင် စိုက်ပျိုးရေး လုပ်ငန်းများ၊ လယ်ယာ ထွက်ကုန် ဆက်စပ်သည့် ကုန်သွယ်မှု၊ စက်မှု လုပ်ငန်းများနှင့် အခြားသော ကုန်ထုတ် လုပ်ငန်း များနှင့် ပို့ကုန်ဦးစားပေးကဏ္ဍများကဲ့သို့သော ကုန်ထုတ်လုပ်မှုကဏ္ဍချေးငွေနှင့် ပို့ကုန် ဦးစားပေးစီးပွားရေး လုပ်ငန်းများကိုတွင် ဦးစားပေး လုပ် ဆောင်သွားမှာလည်း ဖြစ်ပါတယ်။ ကျွန်ုပ်တို့၏ အဓိကရည်ရွယ်ချက်မှာ ဘဏ် သည် လိုက်နာဆောင်ရွက်မှုနှင့် ကော်ပိုရိတ် အုပ်ချုပ်မှုဆိုင်ရာစည်းမျဉ်းများတွင် "Zero Tolerance Policy" ကို ထိန်းသိမ်းထားသည့် ကောင်းစွာသတ်မှတ်ထားသော Tor များ။ တာ ဝန် ယူမှုနှင့် တာဝန်ခံမှုနှင့်အတူ ကောင်းစွာ အဓိပ္ပာယ် ဖွင့်ဆိုထားသည့် အဖွဲ့အစည်း ဖွဲ့စည်းပုံများ၊ မူဝါဒ၊ လမ်းညွှန်ချက်များ၊ လက်စွဲများ၊ လုပ်ငန်းစဉ်များမှ တစ်ဆင့် ခိုင်မာသော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု မူဘောင်ကို ချမှတ်ထားပြီး ဖြစ်သည့် အတွက် အနုတ်သဘောဆောင်သော သက် ရောက်မှုများကို လျှော့ချရန် ဤဆုံးရှုံးနိုင် ခြေ များကို သင့်လျော်စွာ စီမံခန့်ခွဲရန်နှင့် လျှော့ပါး သက်သာစေရန်အတွက် ကြိုတင် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပါတယ်။

နိဂုံးချုပ်အနေဖြင့် MCB ၏ စီမံခန့်ခွဲရေးအဖွဲ့၏ ကိုယ်စား ကျွန်တော့်အနေဖြင့် မြန်မာနိုင်ငံသားများဘဏ်၏ အစုရှယ်ယာရှင်များနှင့် အခြားသော သက်ဆိုင်သူများအားလုံးကို ကတိကဝတ်များနှင့် အာမခံချက် အပြည့်အဝ ပေးလိုပါ သည်။ ကျွန်တော်တို့သည် အစုရှယ်ယာရှင်များ နှင့် သက်ဆိုင်သူအားလုံးထံ သင့်လျော်သည့် အကျိုးအမြတ်ရရှိမှုများကို သေချာစေရုံ သာမက ဘဏ်၏ ရေရှည်မျှော်မှန်းချက်၊ တာဝန်ကို အောင်မြင်မှုဆီသို့ အရောက်လှမ်းရန်အတွက် MCB ၏ တိုးတက်ရေး၊ အမြတ်အစွန်း ရရှိရေးနှင့် ရေရှည် တည်တံ့ခိုင်မြဲရေး အတွက် ကျွန်တော်တို့ အစွမ်းကုန် စေတနာအပြည့်ဖြင့် လုပ်ဆောင် သွားမည်ဖြစ်ပြီး အောင်မြင်မှု ရရှိနိုင်မည့် ဆောင် ရွက်မှုမှန်သမျှအား စိတ်အားထက်သန်စွာဖြင့် အစွမ်းကုန် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အစုရှယ်ယာရှင်များ နှင့် အခြားသက်ဆိုင်သူများ အားလုံးကို အာမခံချက်အပြည့်ဖြင့် ကတိ ကဝတ် ပြုပေးလိုပါတယ်။ သည့်အပြင် ဥက္ကဋ္ဌ၊ ဒါရိုက်တာဘုတ်အဖွဲ့၊ ရှယ်ယာပိုင်ရှင်များ၊ စည်းကမ်း ထိန်းသိမ်းရေး ဆိုင်ရာ အခွင့်ရပုဂ္ဂိုလ်များ၊ သုံးစွဲသူများနှင့် ဝန်ထမ်းအဖွဲ့ဝင်များ အပါအဝင် အခြား သက်ဆိုင်သူများ အားလုံးကိုလည်း ၎င်းတို့၏ ဆက်လက်ပံ့ပိုးကူညီမှုအတွက် အထူး လှိုက်လှဲစွာ ကျေးဇူးတင်ပါကြောင်း ထပ်လောင်း ပြောကြားလိုပါတယ် ခင်ဗျား။

လေးစားစွာဖြင့်

Govinda Gurung
Chief Executive Officer

# MCB ခရီးစဉ်

**2021** – Organization restructuring, consolidation and service standardization and continuation of Digital Journey

**2020** – Digital Transformation

**2019** – MCB – IFC Advisory Services Agreement

**2018** – Core Banking System Implementation

Top Ranking in Preferred Financial Institution evolution at JICA 2 step Loan

**2017** – Upgradation of IT Facilities and Implementation of T24 Core Banking Software

**2016** – JICA SME Two Step Loan

Listed in Yangon Stock Exchange

**2015** – Launched mobile money service 663

**2012** – Money Changer License

- FX Services
- Increased B Class Shares

**2007** – E payment system for Trade License Fees

**2003** – International Banking Service

**1998** – Class A share transferred to MOC

**1992** – Commenced Banking Operation

# အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ

## (EXECUTIVE MANAGEMENT COMMITTEE - EMC)

Executive Management Committee သည် ဘဏ်မှ ချမှတ်ထားသော ရည်မှန်းချက်များအတိုင်း ဘဏ်၏ စီးပွားရေးဆိုင်ရာ မဟာဗျူဟာများ၊ မူဝါဒများ၊ လုပ်ငန်းစဉ်များအားချမှတ်၍ အကောင်အထည်ဖော်ခြင်း၊အဆင့်မြှင့်တင်ခြင်း၊ ဘဏ်၏ ပြုပြင် ပြောင်းလဲမှု ဆိုင်ရာ လုပ်ငန်းစဉ်များကို ဦးဆောင် ၍ ဘဏ်၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိစေရန် ဦးဆောင်သော Committee အဖွဲ့ဖြစ်ပါသည်။

ထို့အပြင် Executive Management Committee အဖွဲ့သည် ဘဏ်မှ ချမှတ်ထားသည့်ရှေ့ဆက်ရမည့်လုပ်ငန်းစဉ် Road Map အတိုင်း ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ အတွက် မိမိတို့ ဝန်ထမ်းများအား အရည်အချင်း ပြည့်ဝသော Professional Bankerများဖြစ်အောင် ပြုစုပျိုးထောင်၍ အများပြည်သူများ အတွက် ပိုမို ကောင်းမွန်သော ဝန်ဆောင်မှုများအား စီမံဆောင်ရွက်လျက်ရှိပါသည်။



**GOVINDA GURUNG**
CHIEF EXECUTIVE OFFICER



**BHESH RAJ KHATIWADA**
CHIEF OPERATING OFFICER



**HTUN HTUN OO**
CHIEF FINANCIAL OFFICER



**CHO CHO AYE**
HEAD OF OPERATIONS



**MIN OO**
HEAD OF HUMAN RESOURCE AND GENERAL SERVICE



**MYA THIDA WIN**
HEAD OF MARKETING (DEPOSIT AND TRANSACTION BANKING)

# ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု



ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုသည် စီးပွားရေးလုပ်ငန်းကို ရေရှည်တည်တံ့ခိုင်မြဲစွာ တိုးတက်လာစေရန်နှင့် အစုရှယ်ယာရှင်များ၏ အကျိုးဖြစ်ထွန်းမှုကို ပိုမိုတိုးပွားလာစေရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ MCB မှ ရေးဆွဲထားသော Risk Appetite Statement (RAS) ဘဏ်အတွက် ဆုံးရှုံးနိုင်ခြေ ရှိမှုများ၊ ဆုံးရှုံးနိုင်ခြေနှင့် ပတ်သတ်သည့် ကန့်သတ်ချက်များအားလည်း အသေးစိတ်အဓိပ္ပါယ်ဖွင့်ဆိုထားကာ ဆုံးရှုံးနိုင်နိုင်ခြေရှိမှုများ၊ ဆုံးရှုံးနိုင်ခြေ နှင့် ပတ်သတ်သည့် ကန့်သတ်ချက်များအားလည်း အသေးစိတ်အဓိပ္ပါယ်ဖွင့်ဆိုထားကာ ဆုံးရှုံးနိုင်ခြေ ရှိမှုများအပေါ် အချိန်နှင့်တပြေးညီ ထိန်းချုပ်ခြင်းကိစ္စ အားလုံးသည် MCB ၏ ဘုတ်အဖွဲ့မှ အတည်ပြုထားသော ၎င်း Risk Appetite Statement (RAS) အတွင်းတွင် စီမံခန့်ခွဲမှုများ ပြုလုပ်လျက်ရှိပါသည်။


ချေးငွေဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုနှင့် ချေးငွေဆုံး ရှုံးနိုင်ခြေများ လျော့ချမှုကို လုပ်ဆောင်ရာတွင်လည်း ပထမအဆင့်အနေဖြင့် သက်ဆိုင်ရာ မန်နေဂျာများ၊ ဘဏ်ခွဲမန်နေဂျာများ၊ ချေးငွေအကဲဖြတ်သူများက ကာကွယ်ပေးလျက်ရှိပြီး၊ ဒုတိယအဆင့်အနေဖြင့် ချေးငွေဆိုင်ရာ အာမခံသူ (Credit Underwriters) များ၊ တတိယအဆင့်အနေဖြင့် ဘုတ်အဖွဲ့အဆင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေး ကော်မတီက ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုများနှင့်ပတ်သက်ပြီး ကော်မတီသို့ အဆက်မပြတ် တင်ပြဆွေးနွေးမှုများကို စိစစ်ပေးလျက်ရှိပါသည်။ ထို့ပြင် Integrated Risk Management Department ကိုလည်း စနစ်တကျကြီးကြပ်မှုများနှင့်အတူ ချေးငွေဆုံးရှုံးနိုင်မှုများ အနည်းဆုံးဖြစ်စေရန် စီမံခန့်ခွဲလျက်ရှိပါသည်။ စတုတ္ထအဆင့်အနေဖြင့် ဘဏ်တွင်းစာရင်းစစ်ဌာနနှင့် ပြင်ပစာရင်းစစ်ကဲ့သို့သော အပြန်အလှန်စစ်ဆေးခြင်းများ၊ ထိန်းချုပ်ခြင်းဆိုင်ရာ ကန့်သတ်ချက်များနှင့်အတူ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲ ရေးဆိုင်ရာ မူဘောင်များ ထားရှိထားပါသည်။ ထို့အပြင် ကျွန်ုပ်တို့တွင် ချေးငွေစီမံခန့်ခွဲရေးဌာန၊ ချေးငွေစိစစ်ရေးနှင့် ကြီးကြပ်ရေးဌာန၊ ပြန်လည်ကောက်ခံရေးဌာနနှင့် ဥပဒေဆိုင်ရာ ပံ့ပိုးကူညီမှုများစသည့် ကျွမ်းကျင်ပညာများနှင့် ဖွဲ့စည်းထားသော ဌာနများက ဘဏ်၏ ချေးငွေအရည်အသွေးကို အကောင်းမွန်ဆုံးဖြစ်ကြောင်း သေချာစေရန်အ တွက် အလုံးစုံ ချေးငွေဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုကို အထောက်အကူပြု ဆောင်ရွက်လျက်ရှိပါသည်။ MCB ၏ ဘုတ် အဖွဲ့ဝင်များပါဝင်သော Risk Management Committee က ဆုံးရှုံးနိုင်ခြေများနှင့် စပ်လျဉ်းပြီး စဉ်ဆက်မပြတ် စိစစ်ဆောင်ရွက်နေပါသည်။ Risk Management Framework Policy (RMFP) သည် MCB မှ ချမှတ်ထားသော အခြေခံမူများကို သတ်မှတ်ထားပြီး ၎င်း၏ ဆုံးရှုံးနိုင်ခြေရှိမှုများအား တိုင်းတာရန်၊ လေ့လာစောင့်ကြည့်ရန်နှင့် စီမံခန့်ခွဲရန်စသည်တို့အပြင် MCB မှ ရင်ဆိုင်ကြုံတွေ့ရသော အမျိုးမျိုးသော ဆုံးရှုံးနိုင်ခြေရှိမှုများကို ကာကွယ်တားဆီးပေးနိုင်စေရန် ရည်ရွယ်ကာ ရေးဆွဲခြင်းဖြစ်ပြီး (RMFP) သည် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းတာဝန်များကို ချမှတ်ရန် ရည်ရွယ်ထားပါသည်။

- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းများနှင့် ရည်မှန်းချက်များ။
- သက်ဆိုင်ရာ Stakeholder များ အားလုံးအတွက် သတ်မှတ်ထားသော အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ အပါအဝင် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ စီမံခန့်ခွဲမှု။
- ဆုံးရှုံးနိုင်ခြေရှိမှုများအား ခွဲခြားသတ်မှတ်ခြင်း၊ အကဲဖြတ်ခြင်း၊ တိုင်းတာခြင်း နှင့် အစီရင်ခံခြင်း အပါအဝင် ဆုံးရှုံးနိုင်ခြေဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်၏ အစိတ်အပိုင်းများ၊ အဆင့်များကို အဓိပ္ပါယ်သတ်မှတ်ခြင်း။
- Risk Appetite Statement (RAS) ရေးဆွဲခြင်းအတွက် လမ်းညွှန်ချက်များ။
- တိကျသော ဆုံးရှုံးနိုင်ခြေဆိုင်ရာ မူဝါဒများကို မှတ်တမ်းတင်ခြင်းအတွက် စံ နှုန်းများ သတ်မှတ်ခြင်း။

MCB ၏ Risk Management Framework Policy (RMF) တွင် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေး၏ အထွေထွေ ရည်ရွယ်ချက်များအား ဖြည့်ဆည်းနိုင်စေရန် လိုအပ်သော အခြေခံအချက်များ အားလုံးပါဝင်ပါသည်။ အဓိက အစိတ်အပိုင်းများမှာ -

- Risk Management Framework မူဝါဒ
- ဆုံးရှုံးနိုင်ခြေဆိုင်ရာ စီမံခန့်ခွဲမှု
- Risk Appetite နှင့် မဟာဗျူဟာ
- တိကျသော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းစဉ်များ
- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ အခြေခံအဆောက်အဦးများ
- ဆုံးရှုံးနိုင်ခြေစီမံ ခန့်ခွဲမှုဆိုင်ရာ နေ့စဉ်ဆောင်ရွက်ချက်များ

Risk Management Framework ၏ကဏ္ဍများ



# မဟာဗျူဟာမြောက်နည်းလမ်းများ

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါနှင့် လူမှုစီးပွားပတ်ဝန်းကျင်ကြောင့် စီးပွားရေးကဏ္ဍများနှင့် နိုင်ငံတစ်ခုလုံး၏ စီးပွားရေးကို ဆိုးရွားစွာ ထိခိုက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသားများဘဏ် MCB နှင့်အတူ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးကဏ္ဍ တစ်ခုလုံးသည်လည်း စီးပွားရေး အကျပ်အတည်းကာလတွင် အမြတ်အစွန်း ရရှိမှုများ ဆုံးရှုံး လျက် ရှိနေ ပါသည်။ MCB ၏ စီးပွားရေး လုပ်ငန်းစဉ်များ နှင့် လုပ်ငန်း ဆောင်ရွက်မှုများ ၏ စုစည်း နိုင်မာမှု များဖြင့် ယခုကဲ့သို့ ခက်ခဲသော အချိန်ကာလအတွင်း ဘဏ်၏ရပ်တည်ချက်ကို ပိုမိုခိုင်မာစေရန် ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ ကျွန်ုပ်တို့ ဘဏ်၏ရေရှည်မျှော်မှန်းချက်နှင့် ရည်မှန်းချက် အောင်မြင်ရန်အတွက် စီးပွားရေးနှင့် လုပ်ငန်းနယ်ပယ် အားလုံးတွင် ရေရှည်တည်တံ့ခိုင်မြဲသော တိုးတက်မှုသည် ကျွန်ုပ်တို့အတွက် မရှိမဖြစ်လိုအပ်သော အရာပင်ဖြစ်ပါသည်။ ထို့ကြောင့် ရေရှည် ဆက်လက် တည်တံ့ခိုင်မြဲသော ဘဏ်တစ်ခုဖြစ်လာစေရန် MCB ဘဏ်သည် မိမိတို့၏ စီးပွားရေးနှင့် လုပ်ငန်းလည်ပတ်မှုများတွင် မျှော်မှန်းထားသော တိုးတက်မှုများကို ရရှိလာစေရန်အတွက် အောက်ဖော်ပြပါ အဓိကအချက် များ ဖြစ်သည့် ဖွံ့ဖြိုး တိုးတက်မှု ဆိုင်ရာ မဟာဗျူဟာ (Growth Strategy) ကို ချမှတ်ဆောင် ရွက်သွားမည်ဖြစ်ပါသည်။

## ၁။ လူ၊ လုပ်ငန်းစဉ်နှင့် စနစ် (People, Process and System)

မည်ကဲ့သို့သော ရင်းနှီးမြှုပ်နှံမှု များဖြစ်စေ၊ အခြေခံ အဆောက်အအုံများ မည်မျှ ကောင်းမွန်သည်ဖြစ်စေ၊ နည်း ပညာ အင်အားမည်မျှပင်ကောင်းမွန်သည်ဖြစ်စေ ဘဏ် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိုကဲ့သို့ ရင်းနှီး မြှုပ်နှံမှုများ၊ အခြေခံ အဆောက်အအုံများ နှင့် နည်းပညာများ ကို ကျွမ်းကျင် ပိုင်နိုင်စွာ အသုံးချနိုင်သည့် လူတော်လူကောင်း များဖြင့် ဖွဲ့စည်းထားသော အရည်အချင်းပြည့်ဝသော အဖွဲ့အစည်းတစ်ခု မဖြစ်ပါက ယှဉ်ပြိုင်မှုများသော ဘဏ်လုပ်ငန်း ခွင်ဝန်းကျင်တွင် အောင်မြင်မှု ရရှိရန် ခက်ခဲပါလိမ့်မည်။ MCB သည် ဘဏ်၏ ဌာနများ အားလုံးတွင် တာဝန်ထမ်း ဆောင်နေကြသော မိမိ တို့၏ လူများ (People) ၏ အရည်အချင်း တိုးတက်ကောင်းမွန်ဖို့ အတွက် များစွာသော ပံ့ပိုး ကူညီပေးမှုများ ပြုလုပ် လျက်ရှိပါသည်။ မိမိတို့ ဘဏ်၏ လူသား အရင်းအမြစ်ဖွံ့ဖြိုး တိုးတက်မှု ကဏ္ဍကို အရှိန် အဟုန်မြှင့် လုပ်ဆောင် လျက်ရှိပြီး လုပ်ငန်းကျွမ်းကျင် ပိုင်နိုင်သော ဝန်ထမ်းများက ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပေးသွားမည် ဖြစ်ပါသည်။ ဘဏ်လုပ်ငန်းများ လုပ်ဆောင်ရာတွင်လုပ်ငန်းစဉ်များ (Process) ကိုကောင်းမွန်စွာသတ်မှတ်ခြင်းသည်ဘဏ်လုပ်ငန်း ဝန်ဆောင်မှု များအား ပံ့ပိုးပေးခြင်းဖြစ်ပြီး စွမ်းဆောင်ရည်နှင့် အရည် အသွေး အား တိုးတက်စေရုံသာမက စီးပွားရေး နှင့် လုပ် ငန်း လည်ပတ်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကိုပါ လျော့ချ စေနိုင်ပါသည်။ ခေတ်မီ ဘဏ် လုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် တတိယမြောက်အရေး ကြီးဆုံးအချက်မှာသုံးစွဲသူထံသို့ အရည်အသွေးပြည့်မီသော ဝန်ဆောင်မှုကိုပေးအပ်ရန် အတွက် လုံလောက်သည့်စွမ်းရည်ပြည့်ဝပြီး ယှဉ်ပြိုင်မှု ရှိသည့် လူများ သာ မက ထိရောက် တိကျခြင်းရှိသည့် လုပ်ငန်းဆောင်ရွက်ခြင်း လုပ် ငန်းစဉ်များအပြင်သတင်းအချက်အလက်နည်းပညာစသည်တို့ကို ကောင်းမွန်ပိုင်နိုင်စွာ အသုံးချနိုင်မည့် စနစ် (System) လည်း လိုအပ်ပါသည်။ MCB ဘဏ်ကို လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်ခိုင်မာသော လူများ၊ လုပ်ငန်းစဉ်နှင့် စနစ် (People, Process, System - PPS) ကိုအကောင် အထည်ဖော်ရန်မှာ ဘဏ် ၏ စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက် သွားမည့် မဟာဗျူဟာ တစ်ခုဖြစ်ပါသည်။

## ၂။ လုပ်ကိုင်ဆောင်ရွက်မှု လုပ်ငန်းစဉ်အတွက် စံသတ်မှတ်ခြင်း (Functional Process Standardization)

MCB ဘဏ်သည် မိမိတို့၏သုံးစွဲသူ Customer များထံသို့ ထိရောက်ပြီး တိကျသော ဝန်ဆောင်မှုများ ပေးအပ်ရန် သာမကဘဲဘဏ်၏လုပ်ကိုင်ဆောင်ရွက်မှုမှန်သမျှတွင် ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲရန်အတွက် လိုအပ်သည့် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် အကျိုးရှိသော ဝန်ဆောင်မှု ပေးအပ်ခြင်းနှင့် စီးပွားရေးလုပ်ငန်း၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာဆုံးရှုံးနိုင်ခြေများကို လျော့နည်းစေခြင်းအား သေချာစေရန် MCB သည် ဝန်ဆောင်မှုပေးရာတွင် ထားရှိရမည့် စံနှုန်းများနှင့် လုပ်ငန်းလုပ်ဆောင်မှုဆိုင်ရာ လုပ်ငန်းစဉ်များအားလုံးကို စံချိန်စံနှုန်းသတ်မှတ်ခြင်းနှင့် စံညွှန်းထားရှိခြင်းတို့ကို ဆောင်ရွက်ရန်အတွက် မဟာဗျူဟာများ ချမှတ်ထားရှိပါ သည်။

## ၃။ အစီအစဉ်များ ပြန်လည်ရေးဆွဲခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်း (Re-engineering and re-vamping)

စီးပွားရေးလုပ်ငန်းနှင့် လုပ်ငန်းစဉ်များ၏ မည်သည့်နယ်ပယ်တွင်မဆို ပိုမိုတိုးတက်အောင် ဆောင်ရွက်ခြင်းသည် စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သောကြောင့် ပြန်လည်သုံးသပ်ခြင်း၊ ပြန်လည်ပြင် ဆင်ခြင်း၊ စီးပွားရေးလုပ်ငန်းနှင့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရန်အတွက် အစီအစဉ်များ ပြန်လည် ရေးဆွဲခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်း၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ သတင်းအချက်အလက်နည်းပညာ၊ စနစ်များ၊ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုအား ဆောင်ရွက်သည့် နည်းလမ်းများနှင့် အလုံးစုံစီးပွားရေးနှင့် ပတ်သတ်သည့် လုပ်ထုံး လုပ်နည်းများ ချမှတ်ထားရှိရန် လိုအပ်ပါသည်။ ဘဏ်လုပ်ငန်းအတွက် လုပ်ငန်းလည်ပတ်မှုပိုမိုအဆင်ပြေချော မွေ့လာစေရန် ဆောင်ရွက်ခြင်းများနှင့် ဘဏ်လုပ်ငန်း ဆောင်ရွက်မှုများအား ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်ခြင်း တစ်ခုစီအတွက် MCB သည် သင့်လျော်သောမူဝါဒ၊ လက်စွဲ၊ လမ်းညွှန်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊ ပြန်လည်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ဖြင့် ပထမတစ်နှစ်တာကာလအတွင်း အလုံးစုံသော စီးပွားရေးလုပ်ငန်းစဉ်အား ပြန်လည် ဒီဇိုင်းရေးဆွဲခြင်းပေါ်တွင် မဟာဗျူဟာ ကျကျ အာရုံစိုက် ဆောင်ရွက်လျက်ရှိပါသည်။

## ၄။ ချက်လက်မှတ်နှင့် ငွေသား နှစ်မျိုးလုံးပါရှိသော ဘဏ်အပ်နှံငွေစာရင်းအား စီမံခန့်ခွဲခြင်း။ (Deposit Mix Management)

အပ်နှံငွေ ဝန်ဆောင်မှုများသည် ဘဏ်၏ အဓိကကျသော ဝန်ဆောင်မှုများမှ တစ်ခုဖြစ်ပြီး သုံးစွဲသူ Customer အသီးသီးမှ စိတ်ချယုံကြည်စွာဖြင့် ဘဏ်တွင်လာရောက်အပ်နှံထားသော ငွေများ၏ ဆုံးရှုံးနိုင်ခြေများ၊ မဖြစ်ပေါ်အောင် ဘဏ်အနေဖြင့် အကောင်းဆုံးစီမံခန့်ခွဲပေးရသည်ဖြစ်ပြီး ဘဏ်၏ ငွေဖြစ်လွယ်မှုနှင့် တာဝန်ယူမှုဆိုင်ရာ စီမံ ခန့်ခွဲမှုလုပ်ဆောင်ရခြင်းများမှာ ဘဏ်၏အရေးကြီးသော အခန်းကဏ္ဍ တစ်ခု ဖြစ်ပါသည်။ ဘဏ်တစ်ခု၏ လက်ကျန် ငွေစာရင်းရှင်းတမ်း၏ အရည်အသွေးသည် အပ်နှံငွေ၏ အရည်အသွေးနှင့် သင့်လျော်သော ပေါင်းစပ်မှုပေါ်တွင် များစွာ မူတည်ပါသည်။ ထို့ကြောင့် MCB သည် အပ်နှံငွေအရင်းအမြစ်များအတွက် အကောင်းဆုံး ဝန်ဆောင်မှုများ၊ အတိုးနှုန်းများ အပြင်၊ အပ်နှံငွေ ဆုံးရှုံးနိုင်ခြေရှိမှုများကို ကာကွယ်တားစီး ပေးခြင်း၊ ငွေဖြစ်လွယ်မှု အပေါ် သက် ရောက် နိုင်သည့် အန္တရာယ်များနှင့် အခြားဆက်စပ်သည့် ဆုံးရှုံးနိုင်ခြေရှိမှုများကိုလည်း လျှော့ချပြီး အပ်နှံငွေ ပိုမိုတိုး တက်လာမှုနှင့် အတူ ကောင်းမွန်ပြီး ရေရှည်တည်တံ့သော အပ်နှံငွေအရင်းအမြစ်တစ်ခုအား ဖန်တီးရန်အတွက် အလေးထား ဆောင်ရွက်သွားမည်မှာ MCB ၏ မဟာဗျူဟာများမှ တစ်ခုပင် ဖြစ်ပါသည်။

## ၅။ ချေးငွေပေါင်းစပ်ခြင်း (Loan Mix)

ချေးငွေများနှင့် ကြိုတင်ငွေများသည် ဘဏ်လုပ်ငန်းများ၏ သဘောသဘာဝအရ ထိရောက်စွာ စီမံခန့်ခွဲပါက ဘဏ် အတွက် များပြားသည့်အမြတ်အစွန်း၊ ဝင်ငွေကိုပေးစွမ်းနိုင်သည့် လုပ်ငန်း တစ်ခုပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ MCB သည် ရင်းနှီးမြှုပ်နှံမှုမှ ရရှိသည့်ဝင်ငွေနှင့် ဝင်ငွေလမ်းကြောင်းများကို အကောင်းဆုံးဖြစ်စေနိုင်ရန်သာမက ကော်ပိုရိတ်ကဏ္ဍ (Corporate Segment)၊ အသေးစားနှင့်အလတ်စား စီးပွားရေးကဏ္ဍ (SME Segment) နှင့်သုံးစွဲသူ ကဏ္ဍ (Consumer Segment) များသို့ အကောင်းဆုံးချေးငွေအမျိုးအစားများကို သက်ဆိုင်ရာနယ်ပယ်များအ လိုက် ချထားပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

## ၆။ အကောင်းမွန်ဆုံး ဝန်ဆောင်မှုပေးစွမ်းသူ (Service Excellency)

MCB ဘဏ်၏ အဓိကအရေးကြီးဆုံး ဦးစားပေးကဏ္ဍမှာသုံးစွဲသူ Customer များအားစိတ်ကျေနပ်မှုရစေမည့် အ ကောင်းဆုံးဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ MCB သည် Customer များအတွက် လိုအပ်သော အကြံများပေး ခြင်း၊ လမ်းညွှန်ခြင်း၊ ပံ့ပိုးပေးခြင်း နှင့် Customer များမှ လိုအပ်သောဝန်ဆောင်မှုများ အတွက် သက်ဆိုင်ရာဌာနမှ မိမိတို့၏ဝန်ထမ်းများထံသို့ ဆက်သွယ်ကာ ဝန်ဆောင်မှုများ ရယူနိုင်ပါသည်။ အမျိုးမျိုးသော ဆက်သွယ်ရေးနည်း လမ်းများဖြင့် ဘဏ်၏ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ အကြောင်းအား အကြောင်းကြားပေးခြင်း၊ သုံးစွဲသူ Customer များ၏ မေးမြန်းချက်များ၊ သိရှိလိုသည့် အချက်များကိုပြန်လည် ဖြေကြားပေးခြင်းနှင့် သုံးစွဲသူများ ရင်ဆိုင်နေ ရသော ပြဿနာများကို ဖြေရှင်းပေးခြင်း၊ ထိရောက်သောဝန်ဆောင်မှုများကို စံချိန်စံနှုန်းပြည့်မီစွာ ဝန်ဆောင်မှုပေး မည့် ဝန်ထမ်းများ၏ အရည်အသွေးတို့ကို စောင့်ကြည့်စစ်ဆေးခြင်း တို့အပေါ်တွင် အဓိကအားဖြင့် အခြေခံထားသည့် Customer Service Excellence Guideline တစ်ခုအားအကောင်းမွန်ဆုံးပုံစံတစ်ခု ဖြစ်လာအောင်ပြင်ဆင် ဆောင်ရွက်နေပြီ ဖြစ်သည့်အပြင် "Service Excellency" သည် ဝန်ဆောင်မှုအားလုံးတွင်ဒစ်ဂျစ်တယ်နည်း ပညာ ကိုအသုံးပြု၍ "သုံးစွဲသူ၏အတွေ့အကြုံ" ကို အကောင်းဆုံးကျေနပ်နှစ်သက်မှုရရှိအောင်ကြိုးပမ်းပေးသွားရမည် ဖြစ် ပြီး ဘဏ်၏သုံးစွဲသူ Customer များ၏အဆင်ပြေချောမွေ့မှုကိုသာအလေးထား ဆောင်ရွက်သွားမှာဖြစ်ပါ သည်။

## ၇။ သုံးစွဲသူကို ဗဟိုပြုသည့် လုပ်ဆောင်ချက်များ (Customer Centric Approach)

ဘဏ်လုပ်ငန်းသည်သုံးစွဲသူ၏ ယုံကြည်အပ်နှံမှုနှင့် စိတ်ချမှုအပေါ် အပြည့်အဝမှီတည်နေသောကြောင့် ဘဏ်လုပ်ငန်းအတွက်သုံးစွဲသူများသည် အရေးကြီးဆုံး ဖြစ်ပါသည်။ MCB ၏ အဓိကရည်ရွယ်ချက်မှာ သုံးစွဲသူများ၏ဘဏ် လုပ်ငန်း၊ ငွေရေးကြေးရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဖြစ်ပါသည်။ MCB သည် ဘဏ်၏ ရပ်တည်ချက် နှင့် နှစ်ပေါင်းများစွာကြာအောင် တည်ရှိနေမှုသည် သုံးစွဲသူများအတွက် ဖြစ်ပြီး သုံးစွဲသူများကြောင့်သာလျှင် ဘဏ် သည်လည်း ကာလတာရှည်စွာ ရပ်တည်လာနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့်ဘဏ်၏ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့်လုပ်ကိုင်ဆောင်ရွက်သမျှ ကိစ္စအားလုံးသည် သုံးစွဲသူများ၏ စိတ်ကျေနပ်မှုရရှိစေရန်နှင့် သုံးစွဲ သူ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် ဗဟိုပြုပြီး အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ဆက်လက် လုပ်ဆောင်နေရမည့် မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် MCB သည် သုံးစွဲသူ Customer များကို ဗဟိုပြု သည့် လုပ်ဆောင်ချက်များဖြင့် အမြဲတမ်း လုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၈။ ဒစ်ဂျစ်တယ်လုပ်ငန်းအသွင်ကူးပြောင်းခြင်း (Digital Transformation)

မျက်မှောက်ခေတ် ဘဏ်လုပ်ငန်းတွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှု လုပ်ငန်းစဉ်များနှင့် ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းအတွက် ဒစ်ဂျစ်တယ်လုပ်ငန်းအသွင်ကူးပြောင်းခြင်းသည် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ထိရောက်မှု၊ဆုံးရှုံး နိုင်ခြေရှိမှုစီမံခန့်ခွဲမှုနှင့် လုပ်ငန်းခွဲခြမ်းစိတ်ဖြာမှုတို့တွင်သာမက သုံးစွဲသူ၏ အတွေ့အကြုံကို မြှင့်တင်ရာ တွင်လည်း သေချာစွာ ဆောင်ရွက်နိုင်စေရန်အတွက် မဖြစ်မနေလိုအပ်သော အရေးကြီးသည့် ကဏ္ဍတစ်ခု ဖြစ်လာပြီ ဖြစ်ပါ သည်။ ထို့ကြောင့် MCBသည် ဒစ်ဂျစ်တယ်လုပ်ငန်းအသွင်ကူးပြောင်းခြင်းလုပ်ငန်းစဉ်အား (Digital Transformation Journey) ၊အရှိန်အဟုန်မြှင့် လုပ်ဆောင်နေပြီဖြစ်ကာ MCB သည် မကြာတော့မီကာလတွင် Technology Driven Bank အဖြစ် အသိအမှတ်ပြုခံရရန်အတွက် အလေးထားလျက်ရှိပြီးအဆက်မပြတ်ကြိုးစားအားထုတ်လျက်ရှိကာလက်တွေ့အကောင်အထည် ဖော်နိုင်မည့် အစီအစဉ်များနှင့် မဟာဗျူဟာအားလုံးကို ချမှတ်ထား ပြီးဖြစ်ပါသည်။

## ၉။ လူ့စွမ်းအားအရင်းအမြစ် (Human Resource)

လူ့စွမ်းအားအရင်းအမြစ် သည် MCB ဘဏ်၏ အမြဲတမ်း အရေးကြီးဆုံး အစိတ်အပိုင်းဖြစ်သည့် PPS (People, Process and System) တွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ MCB သည် လူ့စွမ်းအားအရင်းအမြစ်၏ တန်ဖိုး၊ အရေးပါမှုနှင့် ဝေဖန်ထောက်ပြမှုကို အပြည့်အဝ နားလည်သောကြောင့် ဘဏ်ရှိ လူ့စွမ်းအား အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် မဟာဗျူဟာမြောက် ဦးစားပေးမှုကို ပေးအပ်ထားခြင်းဖြစ်ပါသည်။ အခြေခံမှုအရ ဘဏ်၏လူ့စွမ်းအားအ ရင်းအမြစ်အား စွမ်းဆောင်ရည်ဆိုင်ရာ အကဲဖြတ်မှုအလေ့အထနှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ပြုစုပျိုး ထောင်ပြီး ဖွံ့ဖြိုးတိုးတက်လာမည့် ဘဏ်၏ပိုင်ဆိုင်မှုတစ်ခုအနေဖြင့် ယူဆနိုင်ပါသည်။ MCB သည် ဌာနအားလုံး တွင် သတ်မှတ်ထားသော အရေအတွက်နှင့် ကျွမ်းကျင်မှုနစ်မျိုးလုံးတွင် လူသားအရင်းအမြစ် စွမ်းရည်များ အားကောင်းလာစေရန် အမြဲ အာရုံစိုက် ဆောင်ရွက်နေပါသည်။

## ၁၀။ လိုက်နာဆောင်ရွက်မှုနှင့် အုပ်ချုပ်မှုဆိုင်ရာ အယူအဆ

MCB ၏ ဘဏ်လုပ်ငန်းနှင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်မှုများကို လုပ်ဆောင်နေစဉ်တွင် လိုက်နာဆောင်ရွက်မှု နှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအတွက် "တိကျစွာ လိုက်နာ ဆောင်ရွက်ခြင်းမူဝါဒ" Zero Tolerance Policy ကို လိုက်နာဆောင်ရွက်မည်ဖြစ်ပါသည်။ မူဝါဒ၊ လက်စွဲများ၊ လမ်းညွှန်ချက်များ၊ အဖွဲ့အစည်းဖွဲ့စည်းပုံ၊ စီးပွားရေးလုပ် ငန်းနှင့် လုပ်ငန်းလည်ပတ်မှု လုပ်ငန်းစဉ်များကို အမြင့်ဆုံးသော ကော်ပိုရိတ် အုပ်ချုပ်မှုစံနှုန်းများနှင့် ကျင့်ဝတ်ဆိုင် ရာ လုပ်ငန်းတန်ဖိုးများ၊ သမာသမတ် ကျသော ဘဏ်လုပ်ငန်းစံနှုန်းများကို အချိန်တိုင်းတွင် အပြည့်အဝလိုက်နာ ကြောင်း နိုင်မာစေရန် ရည်ရွယ်၍ ပြည့်စုံအောင်ရေးဆွဲထားပါသည်။

## ၁၁။ ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (Growth Strategy)

လက်ရှိစီးပွားရေးပတ်ဝန်းကျင်နှင့် လူမှုစီးပွားအခြေအနေများကြောင့် MCB သည် အမြတ်အစွန်းတိုးတက်ရရှိမှု ပန်းတိုင်များနှင့်အတူ စုစည်းထားသည့် မဟာဗျူဟာကို ကနဦးအနေဖြင့် ချမှတ်ထားပြီးဖြစ်ပါသည်။ MCB သည် ဘဏ်လုပ်ငန်းဆောင်ရွက်မှု လုပ်ငန်းစဉ်များ၏ တိုးတက်မှု၊ စံချိန်စံညွှန်းသတ်မှတ်ရေး၊ ရေရှည်တည်တံ့နိုင်မြဲပြီး အကောင်းဆုံး ပူးပေါင်းဆောင်ရွက်မှုများအပေါ် အပြည့်အဝ အာရုံစိုက်မည်ဖြစ်ပြီး ယခုဘဏ္ဍာရေးနှစ်၏ ကနဦး ကာလအတွင်း ဆုံးရှုံးနိုင်ခြေများကာကွယ်တားဆီးရေးနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ထိရောက်မှုများကို တိကျ စွာ လုပ်ကိုင်ဆောင်ရွက်နေစဉ် အမြတ်အစွန်းတိုးတက်ရရှိမှုနှင့်အတူ လက်ရှိဘဏ်၏ ပိုင်ဆိုင်မှု အကျိုးအမြတ်ပမာဏကို အကာအကွယ်ပေးမည်ဖြစ်ပါသည်။ ခိုင်မာပြီး စိတ်ချယုံကြည်ရသော ဘဏ္ဍာရေး လျာထားချက်များနှင့်အတူ ကြီးမားသော တိုးတက်လာမှုကို အလေးပေးသော မဟာဗျူဟာနှင့် လုပ်ကိုင်ဆောင်ရွက်မှု အစီအစဉ်များကို ချမှတ် ပြီး ဘဏ်လုပ်ငန်းနယ်ပယ်တွင် အရှိန်အဟုန်မြင့် တိုးတက်လာရန် အလေးပေးဆောင်ရွက်လျက် ရှိပါသည်။

## ကျွန်ုပ်တို့၏ မျှော်မှန်းချက်

မြန်မာနိုင်ငံ၏တိုးတက်ဖွံ့ဖြိုးတိုးတက်မှုကိုဆောင်ရွက်ရာတွင် လိုက်ပါကူညီ ထောက်ပံ့ပေးခြင်းဖြင့် အစုရှယ်ယာရှင်များ၏ အကျိုး ဖြစ်ထွန်းမှုကို ဖန်တီး ပေးသောခိုင်မာ တည်မြဲပြီး ခံနိုင်ရည်ရှိသော ကျင့်ဝတ် နှင့် အညီ လုပ်ဆောင် နိုင်ကာ တီထွင် ဖန်တီး နိုင်စွမ်း ရှိသော ဘဏ် တစ်ခုဖြစ်လာ စေရန်



## ကျွန်ုပ်တို့၏ တာဝန်

- ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ကောင်းမွန်သော အုပ်ချုပ် မှုတို့ပါဝင်သော ခိုင်မာသည့် ငွေရေးကြေးရေးစွမ်း ဆောင်ရည်အားဖြင့် ကျွန်ုပ်တို့၏ ရင်းနှီးမြှုပ်နှံသူများ အတွက် တန်ဖိုးထားမှုကို ဖန်တီးခြင်း
- ကော်ပိုရိတ်၊SMEs,MSMEများနှင့်သုံးစွဲသူကဏ္ဍများအား ဝန်ဆောင်မှု များပံ့ပိုးပေးခြင်း
- ဘဏ်ခွဲများ၊ ကိုယ်စားလှယ် ဘဏ်လုပ်ငန်းနှင့် ဒစ်ဂျစ်တယ် ဖြန့်ဖြူးရေးလမ်းကြောင်းများမှတစ်ဆင့် ဘဏ္ဍာရေးဆိုင်ရာ အလုံးစုံပါဝင်နိုင်မှုကို မြှင့်တင်ခြင်း
- ချမှတ်ထားသောစည်းကမ်း ကျင့်ဝတ် များကို အတိအကျ လိုက်နာသည့် ဝန်ထမ်းအင်အားကို ဖန်တီးနိုင်ရန် စွမ်း ရည်ပြည့်ဝသူများအား စုဆောင်းပြီး တိုးတက်အောင် လုပ်ဆောင်ခြင်း
- ဘဏ်တွင်းလုပ်ဆောင်ချက်များနှင့် သုံးစွဲသူများကို နည်း ပညာကို အခြေခံကာ လုပ်ဆောင်စေရန်အတွက် လုံခြုံ စိတ်ချရသောသတင်းအချက်အလက် နည်းပညာ အခြေခံ အဆောက်အအုံကို တည်ဆောက်ခြင်း



# MCB ၏လုပ်ငန်းခွင်ယဉ်ကျေးမှု










စွမ်းဆောင်ရည်အား
တွန်းအားပေးခြင်း

လူများ၊ လုပ်ငန်းစဉ်နှင့် စနစ်

သုံးစွဲသူအား ဗဟိုပြုခြင်း

အဖွဲ့လိုက် လုပ်ဆောင်ခြင်း

ကျင့်ဝတ်နှင့်ညီညွတ်သော
ဘဏ်လုပ်ငန်း

ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ
တွေးခေါ်မှုအလေ့အထ

ဒစ်ဂျစ်တယ်ဆိုင်ရာ
ဦးစားပေးဆောင်ရွက်ခြင်း

အမြတ်ရရှိခြင်းဆိုင်ရာ
အမြင်သဘောထား

ဆုံးရှုံးနိုင်ခြေရှိမှုနှင့်
လိုက်နာဆောင်ရွက်မှု

သင်ကြားရေးနှင့်
ဖွံ့ဖြိုးတိုးတက်ရေး

# လက်ရှိရှယ်ယာပိုင်ဆိုင်မှု အခြေအနေ

## GENERAL PUBLIC




## ENTREPRENEURS

CDSG Capital Diamond Star Group

NEW GOLDEN GATE (1991) CO., LTD. EXPORT & IMPORT

GBS

Shwe Mè Logistics


Z&A

ATO Ahtar Oo Co.,Ltd

FARMER PHOYAZAR

## GOVERNMENT

MINISTRY OF COMMERCE
THE REPUBLIC OF THE UNION OF MYANMAR



# ရှယ်ယာအများဆုံးပိုင်ဆိုင်သူ စာရင်း ( Top 20 ) (၂၀၂၀-၂၀၂၁)

| စဉ် | ကုမ္ပဏီအမည် | ကုမ္ပဏီမှတ်ပုံတင် | ပိုင်ဆိုင်သည့် % |
|---|---|---|---|
| 1 | CAPITAL FINANCIAL HOLDING LTD | ၁၀၅၀/၂၀၁၅-၂၀၁၆(NWP) | ၂၂.၃% |
| 2 | CAPITAL DIAMOND STAR GROUP LTD | ၁၈၃၁/၂၀၁၂-၂၀၁၃ | ၁၅.၁% |
| 3 | DIAMOND STAR CO., LTD | ၁၆၅/၁၉၉၀-၁၉၉၁ | ၈.၉% |
| 4 | SHWE ME CO., LTD | ၁၃၇/၁၉၉၅-၁၉၉၆ | ၈.၀% |
| 5 | GOOD BROTHERS CO., LTD | ၁၂၁/၁၉၉၁-၁၉၉၂ | ၅.၆% |
| 6 | MINISTRY OF COMMERCE (MINISTER'S OFFICE) | | ၄.၆% |
| 7 | GOOD BROTHER MACHINERIES CO., LTD | ၄၂၇/၁၉၉၈-၁၉၉၉ | ၄.၁% |
| 8 | PAC LINK TRADING LTDT | ၅၉၄/၁၉၉၈-၁၉၉၉ | ၄.၁% |
| 9 | JDS CO., LTD | ၆၁၁/၁၉၉၈-၁၉၉၉ | ၄.၁% |
| 10 | STAR UNION INVESTMENT LTD | ၇၀၉/၂၀၀၄-၂၀၀၅ | ၃.၅% |
| 11 | CONSUMER AFFAIRS | | ၂.၈% |
| 12 | FARMER PHOYARZAR CO., LTD | ၉၉၈/၁၉၉၉-၂၀၀၀ | ၂.၆% |
| 13 | DEPARTMENT OF TRADE | | ၂.၄% |
| 14 | YOUNG INVESTMENT GROUP CO., LTD | ၁၅၆/၂၀၀၅-၂၀၀၆ | ၂.၁% |
| 15 | VSK INTERNATIONAL CO., LTD | ၆၀၂/၁၉၉၈-၁၉၉၉ | ၀.၅% |
| 16 | AHTAR OO CO., LTD | ၅၇၈/၂၀၀၉-၂၀၁၀ | ၀.၆% |
| 17 | PRO 1 (MYANMAR) CO., LTD | ၂၃၃၈/၂၀၁၃-၂၀၁၄ | ၀.၆% |
| 18 | TUN THAW TAR TRADING CO., LTD | ၁၄၉/၁၉၉၈-၁၉၉၉ | ၀.၅% |
| 19 | FARMER PHOYARZAR GEMS CO., LTD | ၉၄၁/၂၀၁၄-၂၀၁၅ | ၀.၄% |
| 20 | FARMER PHOYARZAR MINING CO., LTD | ၁၄၇၁/၂၀၀၇-၂၀၀၈ | ၀.၄% |

# YANGON STOCK EXCHANGE တွင် SHARE ရောင်းဝယ်မှုအခြေအနေ

YANGON
STOCK EXCHANGE

မြန်မာနိုင်ငံသားများဘဏ်လီမိတက်သည် ( ၂၆.၀၈.၂၀၁၆ ) ရက်နေ့တွင် Yangon Stock Exchange တွင် Listed Company အဖြစ် ဘဏ်၏ အစုရှယ်ယာများကို စာရင်းတင် ရောင်းချခွင့် ရရှိခဲ့သော ပထမဆုံးသော ဘဏ် ဖြစ်ပါသည်။ ဈေးကွက် စတင်ဖွင့်လှစ်သည့်နေ့တွင် အခြေခံသတ်မှတ်ဈေးမှာ ( ၆၈၀၀/-) ကျပ် သတ်မှတ်ခဲ့သော်လည်း ပေါက်ဈေးမှာ ( ၇၈၀၀/-)ကျပ်ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် အမြင့်ဆုံး ရှယ်ယာဈေးနှုန်း (၁၃,၅၀၀/-)ကျပ် အထိ မြင့်တက်ခဲ့ပါသည်။ အရောင်းအဝယ် ပမာဏအားဖြင့် (၂၆.၈.၂၀၁၆ ) ရက်နေ့မှ ( ၃၁.၁၀.၂၀၂၀ ) ရက်နေ့အထိ စုစုပေါင်း ရှယ်ယာအစုရေ ( ၁၀၆၀၅၃၁ ) နှင့် တန်ဘိုးကျပ် ( ၈၄၆၄ ) သန်းအထိ အရောင်းအဝယ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

လက်ရှိ အရောင်းအဝယ် ဖြစ်နေသော ဈေးမှာ ရှယ်ယာတစ်စုလျှင်ကျပ် ( ၈၀၀၀/-) ဝန်းကျင်ခန့် ဖြစ်ပါသည်။

# DEPOSIT PRODUCTS များ



မြန်မာနိုင်ငံသားများ အနေဖြင့် Customer များ၏ လူမှုအကျိုးစီးပွားရေးများအား အောင်မြင်လာစေရန် ရည်ရွယ်ဖော်ဆောင်၍ ဘဏ်လုပ်ငန်း ကဏ္ဍမှ ကူညီပံ့ပိုးပေးလျက်ရှိသော အောက်ဖော်ပြပါ ငွေစုအပ်ငွေ ဝန်ဆောင်မှု လုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပါသည်။

- စာရင်းရှင်အပ်ငွေ (Current Account Deposit)
- ငွေစုဘဏ်အပ်ငွေ (Savings Account Deposit )
- သက်ကြီးငွေစုဘဏ်အပ်ငွေ (Senior Savings Account Deposit )
- ခေါ်ယူအပ်ငွေစာရင်း (Call Account Deposit )
- အချိန်ပိုင်းအပ်ငွေစာရင်း (Fixed Account Deposit )

တို့ဖြင့် ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။

၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် Customer များထံသို့ ပိုမိုကောင်းမွန်သော အပ်ငွေအမျိုးအစားအသစ်များဖြင့် ဝန်ဆောင်မှု လုပ်ငန်းများအား ထပ်မံဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။

- အထူး စာရင်းရှင်အပ်ငွေ ( Special Current Account Deposit )
- အထူး ငွေစုဘဏ်အပ်ငွေ ( Special Savings Account Deposit )
- ငွေလွှဲ (စုငွေ) စာရင်း အပ်ငွေ ( Remit Savings Account Deposit )
- အထူး ခေါ်ယူ အပ်ငွေစာရင်း ( Special Call Account Deposit )
- အထူး အချိန်ပိုင်းအပ်ငွေစာရင်း ( Special Fixed Account Deposit )

တို့ဖြင့် ဝန်ဆောင်မှု အသစ်များ ဖော်ဆောင် ပေးခဲ့ပါသည်။ အထူးအပ် ငွေစာရင်းများ ( Special Call Account Deposit ) မှာ Customer များမှ အတိုးနှုန်း မြင့်မားစွာဖြင့် ဝန်ဆောင်မှုများ ခံစားရရှိစေရန် ပံ့ပိုးပေးသော ငွေကြေးဆိုင်ရာ တူရိယာတစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများအတွက် အသင့်တော်ဆုံးသောအပ်ငွေ အမျိုးအစားများ ဖြစ်ပါသည်။ ငွေလွှဲ (စုငွေ) စာရင်း အပ်ငွေ ( Remit Savings Account Deposit ) သည် နိုင်ငံခြားတိုင်းပြည်များတွင် ရှိနေကြသော ဖောက်သည်များ၏ ငွေလွှဲလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် အထူးထုတ်ထားသော အပ်ငွေအမျိုးအစား တစ်ခု ဖြစ်ပြီး စာရင်းစတင်ဖွင့်လှစ်သည်နှင့် တပြိုင်နက် MCB JCB Classic Card နှင့် Platinum Card ကို အခမဲ့ ပေးအပ်ပါသည်။ MCB Bank အနေဖြင့် Customer များအပေါ် စဉ်ဆက်မပြတ် ဝန်ဆောင်မှုများပေးအပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တစ်နှစ်ထက်တစ်နှစ် ဘဏ်အပ်ငွေပမာဏများ တိုးမြှင့်ပံ့ပိုးပေးနိုင်ရန် အစဉ်ကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိပါသည်။


# ချေးငွေလုပ်ငန်း

မြန်မာနိုင်ငံသားများဘဏ် အနေနှင့် Citizen's Choice ဟူသည့် ဘဏ်၏ဆောင်ပုဒ်နှင့်အညီ မိမိတို့ Customer များ၏ လုပ်ငန်းလည်ပတ်မှုတွင် ပိုမိုအဆင်ပြေ ဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် နယ်ပယ်အသီးသီးက Customer များအတွက် ချေးငွေအမျိုးအစားများစွာကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ Corporate Banking SME & Enterprises နှင့် Retail ပိုင်းတို့တွင် သက်ဆိုင်ရာ ချေးငွေအမျိုးအစားအလိုက် လုပ်ငန်းအမျိုးအစားများအပေါ် အခြေခံပြီး Customer များအတွက် သင့်တော်ကောင်းမွန်သည့် ချေးငွေများ စီစဉ်ချထားပေးလျက်ရှိပါသည်။ အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် Term Loan များ၊ Overdraft နှင့် Revolving ချေးငွေများစသည်တို့ကို မိမိတို့ဘဏ်မှ အားသွန်ခွန်စိုက် ပံ့ပိုးထောက်ကူပေးလျက် ရှိပါသည်။

ထို့အပြင် လုပ်ငန်းပိုမိုတိုးချဲ့လုပ်ကိုင်နိုင်ရန် ကြိုးပမ်းနေကြသော SME လုပ်ငန်းရှင်များအတွက် ပိုမိုသက်သာသောနှုန်းထားဖြင့် ချေးငွေများထုတ်ချေးလျက်ရှိသည့် JICA SME ချေးငွေအောက်တွင် နှစ်ဆင့်ချေးငွေများ (Two-Step loans) ကိုလည်း ဘဏ်မှ စီစဉ်ပေးလျက်ရှိသည်။


မြန်မာနိုင်ငံသားများဘဏ်ရှိ ချေးငွေလုပ်ငန်းအမျိုးအစားများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်။

- စီးပွားရေးလုပ်ငန်းတိုးချဲ့ရန်နှင့် မတည်ရင်းနှီးငွေများ ဖြည့်တင်းနိုင်ရန်အတွက် Term Loan များ၊
- စီမံကိန်းများအပေါ် မူတည်၍ ထုတ်ချေးသည့် Short Term Loan များ၊
- စီမံကိန်းများ အကောင်အထည်ဖော်တည်ဆောက်ရန် ထုတ်ချေးသည့် Project Loan များ၊
- လုပ်ငန်းလည်ပတ်ငွေအဖြစ် ထုတ်ချေးသည့် Overdraft ချေးငွေများ၊
- ပြည်တွင်းကုန်စည်စီးဆင်းမှု မြန်ဆန်စေရန်နှင့် ပြည်ပပို့ကုန်တိုးတက်တင်ပို့နိုင်စေရန် Pledge loan များ၊
- Trade Guarantee
- Trade Financing (သို့မဟုတ်) Short Term Revolving (ကာလတိုချေးငွေ)
- ကုန်သွယ်မှုဆိုင်ရာ ငွေကြေးအထောက်အပံ့များ၊
- အစိုးရစီမံကိန်းချေးငွေများ၊
- Hire Purchase (အရစ်ကျချေးငွေများ)
- SME two step Loan/ SME JICA Loan များ




မြန်မာနိုင်ငံသားများဘဏ်၏ ချေးငွေ Customer အများစုသည် နိုင်ငံအတွက် အဓိကကျသည့် လယ်ယာကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ စတဲ့ စီးပွားရေးကဏ္ဍအသီးသီးက လုပ်ငန်းရှင်များဖြစ်ကြပါတယ်။ MCB Customer များ၏ လုပ်ငန်းကောင်းမွန်ထိရောက်စွာ လည်ပတ်ဖို့ရန်နှင့် နိုင်ငံအကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် ရည်ရွယ်ကာ စီးပွားရေးအခန်းကဏ္ဍများတွင် ထိထိရောက်ရောက် ပံ့ပိုးကူညီမှုများ ပြုလုပ်နိုင်ခဲ့ပါသည်။ MCB ဘဏ်အနေဖြင့် ၂၀၂၁ ပြည့်နှစ် စက်တင်ဘာလအထိ ချေးငွေအမျိုးအစား အသီးသီးအောက်တွင် စုစုပေါင်း ချေးငွေ Customer ဦးရေ (၂၁၃၁၃) ဦးအား ချေးငွေပမာဏစုစုပေါင်း ကျပ် (၂၅၄.၉၃) ဘီလီယံ ထုတ်ချေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။

# နိုင်ငံခြားငွေလုပ်ငန်း ဆောင်ရွက်ခြင်း




MCB သည် ဗဟိုဘဏ်မှ ပြည်ပနိုင်ငံများနှင့် နိုင်ငံခြားဘဏ်လုပ်ငန်းများ ဆောင်ရွက်နိုင် သည့် နိုင်ငံခြားငွေများ ရောင်းဝယ်ဖောက် ကားသည့် လုပ်ငန်းလိုင်စင် (Authorized Dealer License ကို လျှောက်ထားခဲ့ရာ ၁၇-၈-၂၀၁၂ ရက်နေ့တွင်ပင် A.D License ကို ထပ်မံရရှိခဲ့ပါသည်။ ယခုအခါ နိုင် ငံခြားဘဏ်များနှင့် ဆက်သွယ်ရာတွင် လွယ်ကူချောမွေ့ပြီး ပိုမိုလုံခြုံစိတ်ချမှုရှိစေရန် SWIFT (Society for Worldwide Inter Bank Financial Telecommunication) ကို ၅-၁-၂၀၁၃ ရက်တွင် ခွင့်ပြုချက်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး United Oversea Bank (UOB), Oversea Chinese Banking Corporation (OCBC Bank), DBS Bank United Bank of India, Malayan Banking Berhad (May Bank), ICBC, Krung Thai Bank, Siam Commercial Bank, Kasikorn Bank, Bangkok Bank, BIDV, Shinhan Bank တို့နှင့် Correspondent Bank အဖြစ် ဆောင်ရွက်ခဲ့ပြီး၊ ငွေစာ ရင်းများဖွင့်လှစ်နိုင်ခဲ့ပါသည်။ ယင်း Correspondent Bank များနှင့် ဘဏ်၏ Customer များသို့ နိုင်ငံခြားငွေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ်တိုး၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါ သည်။

| | |
|---|---|
| ၁။ နိုင်ငံခြားငွေဖြင့် စာရင်းရှင်စာရင်းများဖွင့်လှစ်ခြင်း | ၄။ Exporters/Importers များအတွက် နိုင်ငံခြား ငွေရောင်းဝယ်ခြင်းလုပ်ငန်းများ |
| ၂။နိုင်ငံခြားငွေဖြင့် ငွေသွင်းငွေထုတ်ဆောက်ရွက် ပေးခြင်း | ၅။ Non-Trade Inward များဆောင်ရွက်ပေးခြင်း |
| ၃။ ပြည်တွင်းပြည်ပ Account Transfer လုပ်ငန်းများ | ၆။ Money Transfer Services (Inbound and Outbound) လုပ်ငန်းဆောင်ရွက်ပေးခြင်း |

# နိုင်ငံတကာငွေလွှဲလုပ်ငန်းများ




မြန်မာနိုင်ငံသားများဘဏ်သည် ပြည်ပရောက် မြန်မာလုပ်သားများနှင့် ဝန်ထမ်းများက မြန်နိုင်ငံသို့ ပြည်ပမှလွယ်ကူစွာ ငွေလွှဲနိုင်ရန် Money Gram, International Money Express (IME / RIA), Merchant Trade တို့ဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးလျှက်ရှိပါသည်။ ထို့အပြင် Transfer to Mobile Financial Service, Queen BeeCapital, Dollar smart, City Express Myanmar တို့နှင့်လည်း မြန်မာနိုင်ငံရှိ ဘဏ်စာရင်းများသို့ ငွေလွှဲနိုင်သောငွေလွှဲ လုပ်ငန်းများအား ပူးပေါင်း လုပ်ဆောင်နိုင်ခဲ့ပါသည်။ ပြည်ပရောက် မြန်မာနိုင်ငံသားများ အနေဖြင့် မိမိတို့နိုင်ငံသို့ပိုမို လွယ်ကူစွာ ငွေလွှဲနိုင်ရန် နိုင်ငံတကာငွေလွှဲအဖွဲ့အစည်းများ နှင့် ထပ်မံချိတ် ဆက်နိုင်ရန် ကြိုးစားလျက်ရှိပါသည်။ Citizens Pay သို့ပြည်ပရောက် မြန်မာလုပ်သားများမှ ငွေလွှဲများလည်း ပေးပို့နိုင်တော့မည်ဖြစ်သည်။

- Money Gram
- IME / RIA
- Merchant Trade
- International Global Currency
- Transfer To Mobile Financial Service
- Queen Bee Capital
- Trans- Fast
- Dollar Smart
- City Express Myanmar

# နိုင်ငံတကာ ကုန်သွယ်မှု ဘဏ္ဍာရေးဝန်ဆောင်မှုများ အတွက် ဝန်ဆောင်မှုပေးခြင်း



နိုင်ငံတကာကုန်သွယ်မှုဘဏ္ဍာရေး ဝန်ဆောင်မှုများသည် မြန်မာနိုင်ငံသားများဘဏ်၏ ကုန်သွယ်မှု ဘဏ္ဍာရေးဆိုင်ရာ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ကျယ်ပြန့်စွာ ပံ့ပိုးပေးသည့် လုပ်ငန်းနယ်ပယ်များထဲမှ တစ်ခုဖြစ်ပါသည်။

ပို့ကုန်နှင့်သွင်းကုန်အခြေခံစီးပွားရေးလုပ်ငန်းနှစ်ခုလုံး၏ လိုအပ်ချက်များနှင့် အကိုက်ညီဆုံးဖြစ် စေရန် MCB သည် SMEs မှ ကော်ပိုရိတ်/လုပ်ငန်းစုများအထိ သုံးစွဲသူများ အားလုံးကို အောက်ဖော်ပြပါ ကုန်သွယ်မှုဘဏ္ဍာရေး ဝန်ဆောင်မှုများ ပံ့ပိုးပေးလျက်ရှိပါသည်။

| သွင်းကုန်လုပ်ငန်းဆိုင် ရာဝန်ဆောင်မှုများ | ပို့ကုန်လုပ်ငန်းဆောင်ရာ ဝန်ဆောင်မှုများ |
|---|---|
| ၁။ သွင်းကုန်ငွေလွှဲစာတမ်း၊ လက်ငင်းငွေလွှဲစာတမ်းနှင့် ဆိုင်းငံ့ငွေလွှဲစာတမ်း | ၁။ ပို့ကုန်ငွေလွှဲစာတမ်းများ ကြေငြာခြင်း/ အကြောင်းကြားပေးခြင်း |
| ၂။ သွင်းကုန်ဘီလ်တန်ဖိုးပေးချေခြင်း | ၂။ ပို့ကုန်ဘီလ်များ လက်ခံဆောင်ရွက်ပေးခြင်း |
| ၃။ သွင်းကုန်ဘီလ်လျှော့ဈေးပေးခြင်း | ၃။ ပို့ကုန်ရငွေများ လက်ခံပေးခြင်း |
| ၄။ သွင်းကုန်ဆိုင်ရာ SWIFT/ TT ငွေပေးချေမှု / ငွေလွှဲခြင်း | ၄။ ပို့ကုန်ဘီလ် /စာရွက်စာတမ်းများ ညှိနှိုင်းပေးခြင်း/ ဝယ်ယူခြင်း |
| ၅။ သွင်းကုန်ဆိုင်ရာချေးငွေများ (ကာလတိုငွေကြေးထောက်ပံ့ပေးခြင်း) | ၅။ ပို့ကုန်ချေးငွေများ/ ချေးငွေအစီအစဉ်များ |

ထို့အပြင် MCB သည် မိမိတို့၏ကုန်သွယ်မှုဘဏ္ဍာရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်သူများအား ကြိုတင်စာရင်းသွင်းခြင်း ၊ နိုင်ငံခြားငွေကြေးဝယ်ယူခြင်း / ရောင်းချခြင်း၊ ပို့ကုန်ရငွေများအတွက် သဘောတူညီမှုများ၊ ငွေကြေးလဲလှယ်ပေးခြင်းစသည်ဖြင့် သွင်းကုန်နှင့် ပို့ကုန် လုပ်ငန်းများအတွက် လိုအပ်သော နိုင်ငံခြားငွေနှင့်ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများ အားလုံးကို ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ MBC ၏ ကုန်သွယ်မှုဘဏ္ဍာရေးဝန်ဆောင်မှုများတွင် သွင်းကုန်လုပ်ငန်းရှင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များ နှစ်ဦးစလုံးအား ကုန်သွယ်မှု အာမခံချက်များဖြင့် စီးပွားရေးသဘောတူညီချက်များ လုပ်ဆောင်နိုင်စေမည့် FCY နှင့် LCY အမျိုးအစားခွဲထားသော ကုန်သွယ်မှုအာမခံချက်များလည်း ပါဝင်ပါသည်။ ကျွန်ုပ်တို့၏ Core Banking System (CBS) တွင် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင် ထက်မြက်သော လူ့စွမ်းအား အရင်းအမြစ်များက အဆင့်အမြင့်ဆုံး ကုန်သွယ်မှုဘဏ္ဍာရေး ဆိုင်ရာပညာရပ်များကို လက်တွေ့အသုံးချကာ MCB သည် မိမိတို့၏တန်ဖိုးရှိသော Customer များအား အကျိုးရှိစေသော ဝန်ဆောင်မှုများ ပေးအပ်ရန် အမြဲအသင့်ရှိနေကြောင်း ကတိပေးထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။

# E-Payment စနစ်ဆောင်ရွက်ခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOC) သို့ သွင်းကုန်လိုင်စင်ကြေးများပေးသွင်းရာတွင် လုပ်ငန်းများပိုမိုအဆင်ပြေပြီး နေပြည်တော်သို့ ငွေများသယ်ယူသွားရခြင်းမရှိဘဲ ငွေကြေးလုံခြုံမှုရှိစေရန် သွင်းကုန်လိုင် စင်ကြေးပေးသွင်းရမည့် ငွေကိုမြန်မာနိုင်ငံသားများဘဏ်လီမိတက်၌ ကြိုတင်ပေးသွင်း၍ ယင်းစာရင်းမှ Online ဖြင့် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သွင်းကုန်လိုင်စင်ကြေး ရယူသည့် E-payment စနစ်ကို ၁-၉-၂၀၀၇ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းတိုးတက်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(ကျပ်သန်းပေါင်း)

| ဘဏ္ဍာနှစ် | စာရင်းဖွင့်ဦးရေ | သွင်းကုန်လိုင်စင်ဦးရေ | ဝန်ကြီးရုံးသို့ပေးငွေ | ဘဏ်ဝန်ဆောင်စရိတ် |
|---|---|---|---|---|
| ၂၀၀၇-၂၀၀၈ | ၂၂၄၉ | ၁၆၈၁၀ | ၁၉၉.၅၈၅ | ၀.၅၃၈ |
| ၂၀၀၈-၂၀၀၉ | ၇၉၈ | ၃၇၀၂၂ | ၄၂၂.၄၁၁ | ၃.၆၄၉ |
| ၂၀၀၉-၂၀၁၀ | ၇၃၁ | ၄၅၀၇၉ | ၅၂၀.၉၁၀ | ၄.၅၀၈ |
| ၂၀၁၀-၂၀၁၁ | ၇၁၁ | ၅၈၃၉၁ | ၆၄၇.၇၄၉ | ၂၁.၈၅၉ |
| ၂၀၁၁-၂၀၁၂ | ၅၅၉၀ | ၆၆၆၄၀ | ၈၁၂.၈၈၂ | ၃၃.၃၃၀ |
| ၂၀၁၂-၂၀၁၃ | ၇၂၀၄ | ၇၇၄၇၉ | ၃၂၇၇.၉၄၀ | ၃၈.၇၄ |
| ၂၀၁၃-၂၀၁၄ | ၉၀၂၆ | ၂၅၅၆၃၁ | ၃၃၄၇.၉၇၀ | ၇၄.၀၃ |
| ၂၀၁၄-၂၀၁၅ | ၁၀၇၃၂ | ၁၇၀၉၆၀ | ၃၈၀၉.၄၅၀ | ၈၅.၄၈ |
| ၂၀၁၅-၂၀၁၆ | ၁၂၉၅၂ | ၁၈၂၈၃၂ | ၄၁၇၀.၀၄၀ | ၉၁.၄၂ |
| ၂၀၁၆-၂၀၁၇ | ၁၅၃၀၂ | ၂၂၀၃၇၈ | ၄၉၂၁.၁၈၈ | ၁၁၀.၁၉ |
| ၂၀၁၇-၂၀၁၈ | ၁၇၃၀၄ | ၂၆၅၉၆၈ | ၅၅၃၆.၂၀၀ | ၁၃၂.၈၄ |
| ၂၀၁၈-၂၀၁၉ | ၁၇၉၅၃ | ၁၁၂၄၀၉ | ၁၅၅၅.၂၆၉ | ၆၆.၉၉ |
| ၂၀၁၉-၂၀၂၀ | ၁၈၄၃၀ | ၁၁၇၁၃၄ | ၂၆၀၁.၆၆၁ | ၅၈.၅၆ |
| ၂၀၂၀-၂၀၂၁ | ၁၈၄၂၉ | ၂၁၂၉၇ | ၃၀၁၀၆၈ | ၁၀၆၄၉ |

# MYANMAR PAYMENT UNION (MPU)




မြန်မာနိုင်ငံသားများဘဏ်သည် Myanmar Payment Union ( MPU ) ၏အဖွဲ့ဝင် ဘဏ် ဖြစ်သည့်အတွက် MPU ၏ ရည် ရွယ် ချက်များဖြစ်သော ငွေသားကိုင်ဆောင်မှု လျှော့ ချနိုင်ရေး၊ အဖွဲ့ဝင် ဘဏ်အချင်းချင်း ဘဏ်ဝန်ဆောင်မှုများ ပိုမို တိုးတက်လာစေ ရေး၊ ငွေပေး ချေမှု စနစ်တိုး တက်မြင့်မားစေရေး၊ ပြည်တွင်း ဘဏ်များအား နိုင်ငံတကာကွန်ယက်နှင့် ချိတ်ဆက်အသုံးပြုနိုင်ရေးနှင့် နိုင်ငံတကာကဒ်များ ပြည်တွင်း တွင် အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်းတို့တွင် အဖွဲ့ဝင် ဘဏ်များနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့၏ ATM Card များကို MCB ATM များတွင် ငွေသားထုတ်ယူခြင်း၊ ငွေလက်ကျန်စစ်ဆေးခြင်း၊ လျှို့ဝှက်နံပါတ်ပြောင်းခြင်း၊ စာရင်းရှင်းတမ်းကြည့်ရှုခြင်း၊ MCB Card Account အချင်းချင်းငွေလွှဲနိုင်ခြင်း၊ IBFT ဝန်ဆောင်မှုရရှိပြီးသော (SHWE, CHID, MWD, YOMA, UAB, RDB, MFTB နှင့် MCB) တို့၏ Card account များအချင်းချင်း ငွေလွှဲပြောင်းနိုင်ခြင်း၊ MPU စနစ်နှင့် ချိတ်ဆက်ထားသည့် အဖွဲ့ဝင်ဘဏ်များ၏ ATM စက်များတွင် ငွေသားထုတ်လုပ်ခြင်း၊ ငွေလက်ကျန်ကြည့်ရှုစစ်ဆေးနိုင်ခြင်း စသည့် ဝန်ဆောင်မှုများအား ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံသားများ ဘဏ်သည် MPU Debit Card စုစုပေါင်း ( ၂၃,၇၂၃ ) Card အား ထုတ်လုပ်နိုင်ခဲ့ပြီး ATM အလုံးရေစုစုပေါင်း ( ၄၈ ) လုံးနှင့် CRM (၂) လုံးအား တပ်ဆင်၍ ဝန်ဆောင် မှုများ ပေးလျက်ရှိပါသည်။

# INTERNATIONAL CARD
# (JCB CO-BRANDED AND JCB PREPAID CARD)




JCB Co-Brand Platinum သည် (၀၁.၀၆.၂၀၂၁) နေ့တွင် စတင်ထုတ်လုပ်ခဲ့ပြီး ကဒ်ပေါင်း (၈,၇၀၀) ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည့်အပြင် JCB Co-Brand Standard Card သည် (၀၁.၀၇.၂၀၂၁) နေ့မှ စတင် ထုတ်လုပ်ခဲ့ပြီး ကဒ်ပေါင်း (၂၄,၇၀) ထုတ်လုပ်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ JCB Prepaid သည် (၂၁.၀၉.၂၀၂၀) နေ့တွင် စတင်ထုတ်လုပ်ခဲ့ပြီး ကဒ်ပေါင်း (၁၆၉) အကောင့် ဖွင့်လှစ်ပြီးဖြစ်ပါသည်။ ယင်းကဒ်များအသုံးပြု၍ International Transaction များပြုလုပ်သည့်အခါတွင် နိုင်ငံခြားရှိစားသောက်ဆိုင်များ၊ Supermarkets များ၊ Hotels များနှင့် အခြား Public area များရှိ ATM များတွင် ငွေထုတ်ယူခြင်း၊ POS များတွင် ငွေပေးချေနိုင်ခြင်း၊ E-Commerce ဖြင့် Hotel Booking ပြုလုပ် ခြင်း၊ Flight booking ပြုလုပ်ခြင်း၊ Online မှ ဈေးဝယ်ခြင်းများ ပြုလုပ်နိုင်ပါသည်။

JCB Co-brand Platinum Card များ၊ Classic Card များသည် ငွေသားလိုအပ်ချက်ကို လျှော့ချနိုင်ပြီး ဒစ်ဂျစ်တယ် ငွေကြေးဝန်ဆောင်မှုကို တွန်းအားပေးသည့် ရည်ရွယ်ချက်ဖြင့် ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ပိုမို အရောင်းမြှင့်တင်ရေး စီမံချက်များ ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတစ်ဝန်းရှိ POS များတွင် ကဒ်များ အသုံးပြု၍ ဝယ်ယူခြင်း၊ E-commerce website များတွင် ဒစ်ဂျစ်တယ် ငွေကြေးဖြင့် ဝယ်ယူခြင်းများ ပိုမိုတိုးတက် လာခဲ့ပါသည်။

# MOBILE BANKING

MCB မိုဘိုင်းဘဏ် ဝန်ဆောင်မှုလုပ်ငန်း (Mobile Banking) ဆိုသည်မှာ မြန်မာနိုင်ငံသား များဘဏ်၏ သုံးစွဲသူ Customer များအတွက် အချိန်မရွေး ၊ နေရာမရွေး Mobile Phone မှ တဆင့် မိမိတို့၏ ဘဏ်စာရင်းအချက် အလက် များအား ကြည့်ရှုစစ်ဆေးနိုင်ခြင်း၊ လွယ်ကူ လျင် မြန်စွာဖြင့် ငွေလွှဲပြောင်းနိုင်ခြင်း အစရှိသည့် ဝန်ဆောင်မှု များအား လုံခြုံစိတ်ချစွာဖြင့် အသုံးပြု နိုင်သောဝန်ဆောင်မှုတစ်ခု ဖြစ်ပါသည်။




# RETAIL INTERNET BANKING




MCB Retail Internet Banking ဝန်ဆောင်မှုလုပ်ငန်း ဆိုသည်မှာ မြန်မာနိုင်ငံသား များ ဘဏ်၏ သုံးစွဲသူ Customer များအတွက် အချိန်မရွေး၊ နေရာမရွေး မိမိတို့၏ အင်တာနက် ဘဏ် ဝန်ဆောင်မှုမှ တဆင့် မိမိတို့၏ ဘဏ်စာရင်း၊ အချက်အလက်များအား ကြည့်ရှုစစ်ဆေး နိုင်ခြင်း၊ လွယ်ကူလျင်မြန်စွာဖြင့် ငွေလွှဲပြောင်း နိုင်ခြင်း အစရှိသည့် ဝန်ဆောင်မှုများအား လုံခြုံ စိတ်ချစွာဖြင့် အသုံးပြုနိုင်သော ဝန်ဆောင်မှု တစ်ခုဖြစ်ပါသည်။


## CORPORATE INTERNET BANKING

MCB ၏ Corporate Internet Banking ဆိုသည်မှာ Company များအနေဖြင့် မိမိ Company ၏ ဘဏ်စာရင်း အချက်အလက်များအား ကြည့်ရှုစစ်ဆေးနိုင်ခြင်း၊ လွယ်ကူလျင်မြန်စွာဖြင့် မိမိ Company အကောင့်များမှ တစ်ဆင့် ငွေလွှဲပြောင်းနိုင်ခြင်း အစရှိသည့် ဝန်ဆောင်မှုများအား လုံခြုံစိတ်ချစွာဖြင့် အသုံးပြု နိုင်သော ဝန်ဆောင်မှုတစ်ခု ဖြစ်ပါသည်။

# CITIZENS PAY




မြန်မာနိုင်ငံသားများဘဏ်သည် ၂၀၁၅ ခုနှစ်တွင် "663 Mobile Application" အမည်ဖြင့် မိုဘိုင်းဝန်ဆောင်မှု ကို ကနဦး စတင်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် နှစ်လည်ပိုင်းတွင် "Citizens Pay Mobile Application" အမည်ဖြင့် အမည်ပြောင်းလဲပြီး ချဲ့ထွင်လုပ်ဆောင်နိုင်ခဲ့ပါသည်။ Citizens Pay သည်ဖုန်းမှတဆင့် ငွေပေးချေမှုများပြုလုပ်နိုင်သော ပလက် ဖောင်းတစ်ခု ဖြစ်ပြီး အသုံးပြုသူများ အတွက် ပိုမို အဆင်ပြေ လွယ်ကူစေရန် ရည်ရွယ်ပါသည်။




Citizens Pay အနေဖြင့် Super Lifestyle Application တစ်ခုဖြစ်ရန် အတွက် ငွေ ရေး ကြေး ရေး စီမံခန့်ခွဲမှုနှင့် ငွေပေးချေမှု စသည့် လုပ်ဆောင်မှုများကို လွယ် ကူစွာပေါင်းစပ်ထားပြီး ဘတ်စ်ကားလက်မှတ် နှင့် ငွေတောင်းခံလွှာ များကဲ့သို့သော နေ့စဉ်အခြေခံ လိုအပ်ချက်များအတွက် ပိုမိုလွယ်ကူမြန်ဆန်စွာ ဆောင်ရွက် နိုင်မည့် Moile Wallet တစ်ခုဖြစ် ပါသည်။

Citizens Pay ၏ ရည်ရွယ်ချက်မှာ အသုံးပြုသူများအတွက် အဆင်ပြေလွယ်ကူစေနိုင်သော ငွေကြေးစီမံခန့်ခွဲမှုများကို ပိုမို ကောင်းမွန်စွာပြုလုပ်ပေးနိုင်သော ဆန်းသစ်သည့် ငွေပေးချေမှုဆိုင်ရာ Platform တစ်ခုကို ပြုလုပ်ပေးနိုင်ရန်ဖြစ်ပါသည်။

# CITIZENS PAY

Citizens Pay သည် စွမ်းဆောင်ရည်ကောင်းပြီး အသုံးပြုရ လွယ်ကူသည့် Application တစ်ခုဖြစ်ပါသည်။ Citizens Pay တွင် ပြုလုပ်နိုင်သော အရာများမှာ

- ငွေသွင်း ငွေထုတ် ပြုလုပ်နိုင်ခြင်း
- အသုံးပြုသူအချင်းချင်း ငွေလွှဲနိုင်ခြင်း
- ဆုပေးခြင်းနှင့် Loyalty ဆိုင်ရာ အစီအစဉ်များ ခံစားနိုင်ခြင်း
- Bill ပေးဆောင်နိုင်ခြင်း
- ကုန်သည်များထံငွေပေးချေနိုင်ခြင်း
- ဖုန်း/ Internet Bill ဖြည့်သွင်းနိုင်ခြင်း
- QR Scan ဖတ်အရောင်းဆိုင်များတွင် ငွေပေးချေနိုင်ခြင်းအစရှိတဲ့ ဝန်ဆောင်မှုတွေ ရရှိနိုင်ပါသည်။

Citizens Pay မှ ပြုလုပ်ဆောင်ရွက်ခဲ့တဲ့ ပရိုမိုရှင်းအစီအစဉ်များထဲမှာ လွှဲမယ်ပေါက်မယ် အစီအစဉ်၊ Referral အစီအစဉ်၊ Double Deal Mobile Top-Up ပရိုမိုရှင်း အစီအစဉ် နှင့် ဝါကျွတ် လက်ဆောင် ပရိုမိုးရှင်း အစီ အစဉ်များထဲမှ ဇန်နဝါရီလ တွင် ကျင်းပခဲ့သည့် လွှဲမယ် ပေါက်မယ် အစီအစဉ်မှ ဖုန်းနံပါတ် အချင်းချင်းငွေလွှဲ အသုံးပြုသူအရေအတွက်အမြောက်အများတိုးတက်လာပြီးဇွန်လတွင်ကျင်းပပြုလုပ်ခဲ့သည့် Referral Campaing အစီအစဉ်တို့မှ Citizens Pay အသုံးပြုသူအရေအတွက် ၁၅၀,၀၀၀ ကျော် ရရှိခဲ့ပါသည်။ ယခုအခါ "Citizens Pay Mobile Application" ဖြင့် မိုဘိုင်းငွေကြေး ဝန်ဆောင်မှုအား အသုံးပြုသူ ဦးရေ (၃၀၀,၀၀၀) ကျော်အတွက် မြန်မာနိုင်ငံ အနှံ့အပြားတွင် ကုန်သည်/ကိုယ်စားလှယ် အရေအတွက်ပေါင်း (၃၀,၀၀၀) ကျော်ဖြင့် ဝန်ဆောင်မှု ပေးလျှက်ရှိပါသည်။



# လူ့စွမ်းအား အရင်းအမြစ် ကဏ္ဍ




ဘဏ်၏ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍသည် ဘဏ်၏ အလုံးစုံစွမ်းဆောင်ရည်အတွက် အရေးပါသော အချက်တစ်ချက်ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သုံးစွဲသူများ အတွက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုနှင့် လို အပ်သော ပံ့ပိုးပေးမှုများကို မြှင့်တင်နိုင်စေရန် ကျွမ်းကျင်မှုနှင့် အရည်အချင်းများကို လေ့ကျင့်ပေးခြင်းဖြင့် တစ်ဦးတစ်ယောက်ချင်း စီ၏ အလားအလာကို တိုးတက်လာစေရန်နှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်များ တိုးမြှင့်ပေးမည့် အဓိက ကဏ္ဍများကို အားစိုက်လုပ်ဆောင်လျက် ရှိပါသည်။

ယခုနှစ်အတွက် ကျွန်ုပ်တို့၏ ဦးစားပေးအရာများမှာ အဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေးမှုကို တည်ဆောက်ခြင်း၊ ပန်းတိုင်နှင့် ရည်မှန်းချက်များကို သတ်မှတ်ခြင်းဖြင့် စွမ်းဆောင်ရည်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်နှင့် စောင့်ကြည့်စစ်ဆေးရေး စနစ်အား ဖန်တီးခြင်း၊ ဝန်ထမ်းများ၏ ရင်းနှီးစွာပူးပေါင်းလုပ်ဆောင်မှုကို မြှင့်တင်ခြင်း၊ မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ရန်နှင့် ဘဏ်တွင်းတိုးတက်လာသော ခေါင်းဆောင်များကို မွေးထုတ်ပေးရန် ခေါင်းဆောင်မှု အစီအစဉ်ကို ဖော်ဆောင်ခြင်းတို့ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ဝန်ထမ်းတစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုနှင့် အရည်အချင်းများကို ခွဲခြားသတ်မှတ်ကာ လိုအပ်သော လေ့ကျင့်မှုများပေးခြင်းဖြင့် အရည်အချင်းဆိုင်ရာ မူဘောင်များကို ဖော်ဆောင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ လူ့စွမ်းအားအရင်းအမြစ်ဌာနသည် ဒစ်ဂျစ်တယ်လုပ်ငန်းအဖြစ် အသွင်ကူးပြောင်း ခြင်းတွင် အမြဲတမ်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိ ၍ ဝန်ထမ်းများဖြင့် စတင်ဆောင်ရွက်နေပြီး ဘဏ်၏ လုပ် ငန်းစဉ်နှင့်စနစ်သည် ခိုင်မာသော အခြေခံအုတ်မြစ်အဖြစ် တည်ရှိနေသောကြောင့် ဘဏ်သည် ပရော်ဖက်ရှင်နယ် ဘဏ်လုပ်ငန်းဆိုင်ရာယဉ်ကျေးမှုကို ချမှတ်ကာ ပန်းတိုင်များနှင့် ရည်မှန်းချက်များ အောင်မြင်နိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် COVID-19 ကာလအတွင်း ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးကင်းရေးကို ဂရုစိုက်ပြီး ဝန်ထမ်းများအပြင် ၎င်းတို့၏ မိသားစုအား ငွေရေးကြေးရေးအရသော်ကောင်း၊ ငွေကြေးမဟုတ်သော အခြားသော အထောက် အပံ့အရသော်လည်းကောင်း အကူအညီများ ပံ့ပိုးပေးခြင်းဖြင့် ဘေးကင်းသော လုပ်ငန်းခွင်ဝန်းကျင်ကို ဖန် တီးပေးပါသည်။ ရောဂါ ပြန့်ပွားလျက်ရှိသောအချိန် တွင် MCB ၏ ဝန်ထမ်းများ အားလုံးအနေဖြင့် မိမိတို့၏ သုံးစွဲသူ Customer များအား ဘေးကင်းပြီး ကျန်းမာတက်ကြွစွာအကောင်းဆုံး ဝန်ဆောင်မှုများပေးနိုင်စေရန် ရည်ရွယ်ပြီး အနယ်နယ်အရပ်ရပ်ရှိ MCB ၏ ဘဏ်ဝန်ထမ်းများအားလုံးကို COVID-19 ကာကွယ်ဆေးထိုးနှံပေး ခဲ့ပြီး ဖြစ်သည့် အပြင် ဝန်ထမ်းမိသားစုများအတွက်လည်း ကာကွယ်ဆေးလုံလောက်စွာရရှိပြီး ဆေးထိုး နှံ ရန်အတွက် လိုအပ်သည် များကို MCB မှ တာဝန်ယူ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။

# "မြန်မာနိုင်ငံသားများဘဏ်၏ဝန်ဆောင်မှုများ"












# "မြန်မာနိုင်ငံသားများဘဏ်၏ဝန်ဆောင်မှုများ"












# မြန်မာနိုင်ငံသားများဘဏ် CUSTOMER များ၏ စကားသံများ

" မြန်မာနိုင်ငံသားများဘဏ် ကို သုံးစွဲခဲ့တာ နှစ် ၂၀ နီးပါး ရှိခဲ့ပြီ။ MCB ရဲ့ဝန်ဆောင်မှုအားလုံးကို အသုံးပြုနေပါတယ်။ ကျွန်တော် လက်ရှိ အဓိကအသုံးပြုတဲ့ Product က ခေါ်ယူအပ်ငွေစာရင်းဖြစ်ပြီး ဝန်ထမ်းများရဲ့ဆက်ဆံရေး ကောင်းမွန်မှုတွေကြောင့် ဘဏ်တွေထဲမှာ MCB ကို ဦးစားပေး သုံးဖြစ်ခဲ့ပါတယ်။ MCB ဘဏ် ဒီထက်မက ပိုမို အောင်မြင်ပြီး လက်ရှိအခက်အခဲကာလတွေကို အကောင်းမွန်ဆုံး အောင်မြင်စွာ ကျော်လွှားနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ "



ဦးခင်ဟန်
(ပွဲရုံပိုင်ရှင် - အောင်ရတနာပွဲရုံ ငရုတ်၊ ကြက်သွန်လုပ်ငန်း)




ဦးနေမျိုးဝင်း
(MAPCO Chief Administration Officer)

" မြန်မာနိုင်ငံသားများဘဏ်ကို (၂၀၁၁) ခုနှစ်ထဲက စပြီး သုံးစွဲခဲ့တာ အခုဆို ၁၀နှစ် နီးပါး ရှိပါပြီ။ ကျွန်တော့် အမျိုးသမီးက ရောင်းဝယ်ရေး လုပ်ငန်း နဲ့ ပွဲရုံလုပ်ငန်းတွေ လုပ်ကိုင်တဲ့အတွက် ငွေကြေးဆိုင်ရာ လုပ်ငန်းကိစ္စ တွေဆောင်ရွက်ဖို့ MCB ဘဏ်နဲ့ဆက်သွယ်ခဲ့ပါတယ်။ ဝန်ထမ်းများရဲ့ မိသားစုလို ရင်းရင်းနှီးနှီး ဝန်ဆောင်မှုပေး တဲ့ အတွက် သဘောကျ နှစ်သက်ခဲ့ပါ တယ်။
MCB ဝန်ထမ်းတွေမှာ Customer တွေရဲ့ လိုအပ် ချက်တွေကို ဘယ်လိုဖြည့်ဆည်း နေရမလဲ ဆိုတဲ့ စိတ် ဆန္ဒတွေကိုတွေ့မြင်ရလို့ ကျေနပ်မိ ပါတယ်။
MCB ဘဏ် နှစ်ပေါင်းများစွာ အောင်မြင်မှုတွေရရှိ ပါစေ။ Customer တွေရဲ့ လိုအပ်ချက် တွေကို စနစ် တကျ ကိုက်ညီ ဖြည့်ဆည်းနိုင်တဲ့ ဝန်ဆောင်မှု အသစ် တွေ ပေးနိုင်ပါစေ လို့ ဆုမွန်ကောင်း တောင်း လိုက်ပါတယ်။ "

# 2021 FINANCIAL HIGHLIGHTS

**NET PROFIT**
MMK 1.5 BILLION

**OPERATING PROFIT**
MMK 3.3 BILLION

**CUSTOMER LOANS**
MMK 255 BILLION

**CUSTOMER DEPOSITS**
MMK 533 BILLION

**TOTAL ASSETS**
MMK 633 BILLION


**LIQUIDITY RATIO**
61.6%

**ROE RATIO**
2.3%


**COST TO INCOME RATIO**
80.1%

# 2021 FINANCIAL HIGHLIGHTS


## INCOME TAX
(MMK IN MILLION)





## DIVIDEND PAID OUT
(MMK IN MILLION)




## RETURN ON EQUITY
(ROE)





## RETURN ON ASSETS
(ROA)




# 2021 FINANCIAL HIGHLIGHTS


**OWNERS' EQUITY**
(MMK IN MILLION)





**ASSETS**
(MMK IN MILLION)




**INVESTMENTS**
(MMK IN MILLION)




**DOMESTIC REMITTANCE**
(MMK IN MILLION)




# 2021 FINANCIAL HIGHLIGHTS


## CAPITAL ADEQUACY RATIO
(CAR)




## LIQUIDITY RATIO





## RESERVE RATIO




# 2021 FINANCIAL HIGHLIGHTS

## CUSTOMER LOAN TO DEPOSIT RATIO (LDR)





## COST TO INCOME RATIO (CIR) - MMK' MILLION




# 2021 FINANCIAL HIGHLIGHTS

## TOTAL DEPOSIT
(MMK IN MILLION)





- In 2021, total deposit was 45.5 billion (-8%) decreased when compare to last year 2020.
- During crisis period, most of the customer withdrew cash from bank because they wanted to keep cash in their hands rather than getting interest from bank.

## TOTAL LOAN
(MMK IN MILLION)




- In 2021, total loan was 68.2 billion (-21%) decreased when compare to last year 2020.
- There was no new loan disbursement and some customers made repayment due to interest burden. Business was slowing down and stopped working during crisis period.

# 2021 FINANCIAL HIGHLIGHTS





When compare to last year 2020, CASA Ratio was 13.3 % increased because Time Deposit was 91 billion (-34.6%) decreased and overall CASA Deposit was 46 billion (14.6%) increased although Total Deposits decreased in 2021.

**CASA Ratio = (Current + Savings + Call) / Total Deposits**

# 2021 FINANCIAL HIGHLIGHTS


## CUSTOMER LOAN
(MMK IN MILLION)




| Customer Loan (MMK'mil) | FY 2021 | FY 2020 | YoY (%) |
|---|---|---|---|
| Term Loan | 101,025 | 107,710 | -6% |
| Overdraft | 25,418 | 33,060 | -23% |
| SME | 30,513 | 30,010 | 2% |
| Trade Guarantee | 56 | 2.413 | -98% |
| HP & Other Consumer | 97,815 | 149,915 | -35% |
| Total | 254,828 | 323,109 | -21% |

TERM LOAN   OVERDRAFT   SME   HP & OTHER CONSUMER

## CUSTOMER DEPOSIT
(MMK IN MILLION)




| Customer Loan (MMK'mil) | FY 2021 | FY 2020 | YoY (%) |
|---|---|---|---|
| Current | 67,513 | 52,082 | 30% |
| Savings | 212,108 | 232,276 | -9% |
| Time | 172.823 | 264,310 | -35% |
| Call | 80,188 | 29,492 | 172% |
| Total | 532,632 | 578,160 | -8% |

SAVINGS   TIME   CALL   CURRENT

# 2021 FINANCIAL HIGHLIGHTS

| FINANCIAL SUMMARY<br>Selected Income Statement Items (MMK Million) | 2017 Apr-Mar | 2018 Apr-Sep | 2019 Oct-Sep | 2020 Oct-Sep | 2021 Oct-Sep |
|---|---|---|---|---|---|
| Total Income | 4,321 | 10,350 | 19,514 | 15,006 | 16,486 |
| Total Expense | 4,046 | 5,193 | 13,329 | 14,224 | 13,208 |
| Operating Profit | 275 | 5,157 | 6,185 | 782 | 3,278 |
| Net Profit After Tax | 1,114 | 3,805 | 3,420 | (5,883) | 1,526 |
| Selected Balance Sheet Items (MMK Million) | | | | | |
| Net Customer Loans | 159,718 | 188,253 | 315,771 | 323,109 | 254,828 |
| Customer Deposits | 163,971 | 220,153 | 416,188 | 578,160 | 532,632 |
| Total Assets | 250,042 | 310,150 | 525,318 | 665,060 | 633,402 |
| Owners' Equity | 66,574 | 71,433 | 74,832 | 64,738 | 65,814 |
| Key Financial Indicators (%) | | | | | |
| Cost to Income Ratio (CIR) | 93.6% | 50.2% | 68.3% | 94.8% | 80.1% |
| Return on Equity (ROE) | 5.7% | 5.6% | 5.6% | 1.0% | 2.3% |
| Return on Assets (ROA) | 1.1% | 1.3% | 1.2% | 0.1% | 0.2% |
| Capital Adequacy Ratio (CAR) | | | | | |
| Tier 1 CAR | 33.07% | 21.36% | 17.22% | 15.20% | 17.41% |
| Total CAR | 33.09% | 22.61% | 18.47% | 16.45% | 19.33% |
| Liquidity Ratio | 33.09% | 38.59% | 35.38% | 48.08% | 61.55% |
| Reserve Ratio | 4.88% | 11.74% | 8.10% | 5.10% | 5.11% |

# ဘဏ်စာရင်းစစ်ဆေးခြင်းနှင့် လုပ်ငန်းများစစ်ဆေးခြင်း



မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏(၂၀၂၀ -၂၀၂၁)ဘဏ္ဍာနှစ်၏ စာရင်းနှင့် လုပ်ငန်း များကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အချိန် နှင့်တပြေး ညီ စစ် ဆေးကြီးကြပ် လျက် ရှိပြီး Win Thin & Associate မှလည်း (၂၀၂၀ - ၂၀၂၁) ဘဏ္ဍာနှစ်၏ စာရင်းများကို စစ်ဆေး ပြီးဖြစ်ပါသည်။ (၂၀၂၀ - ၂၀၂၁)ဘဏ္ဍာနှစ်အတွက် စာရင်း စစ်အစီ အရင်ခံ စာနှင့် နှစ် ချုပ်စာရင်းရှင်းတမ်းအား ပူးတွဲတင်ပြထားပါသည်။

ထို့အပြင် မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ (၈၅-င)ပါပြဋ္ဌာန်းချက်နှင့်အညီ အစုရှယ်ယာရှင်များမှခန့်အပ်သည့် အဖွဲ့ဝင် (၆) ဦးပါဝင်သောစာရင်းစစ်ကော်မတီသည် (၂၀၂၀ - ၂၀၂၁) ဘဏ္ဍာနှစ်အတွင်း လုပ်ငန်း စီစစ်ကြီးကြပ်မှုအစည်းအဝေး (၃)ကြိမ် ပြုလုပ်ခဲ့ပြီး ဘဏ်၏ အပ်ငွေအခြေအနေ၊ ချေးငွေလုပ်ငန်များ၊ စာရင်းဌာနလုပ်ငန်းများ၊ ငွေကြေးဌာနလုပ်ငန်းများ၊ ဘဏ်တွင်းစာရင်းလုပ်ငန်းများ၊ စီမံခန့်ခွဲရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ SOP နှင့် ကိုက်ညီမှုရှိမရှိတို့ကို လည်းကောင်း စစ်ဆေးခဲ့ပါသည်။ ဘဏ်ခွဲ၏ ငွေကြေးဌာနအတွင်းရှိ စာရင်းပိတ်လက်ကျန်ငွေစစ်ဆေးခြင်း၊ ဘဏ်ခွဲများရှိ Fixed Assets Tracking ပြုလုပ်မှုအား စစ်ဆေးခြင်း၊ ချေးငွေအတွက် အာမခံ ပေးအပ်ထားသည့် စာချုပ်စာတမ်းများနှင့် ချေးငွေအတွက် ချုပ်ဆိုရသည့် ချေးငွေဆိုင်ရာ စာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများ၊ HP ချေးငွေအတွက် ချုပ်ဆိုရသည့် ချေးငွေဆိုင်ရာ စာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများ၊ မော်တော်ကား Owner Book များ၊ အာမခံစာအုပ်များ စစ်ဆေးခြင်းနှင့်ပေးဆပ်ရန်ပျက်ကွက်သည့် ချေးငွေစာရင်းများ အပေါ် ပျက်ကွက်သည့် အဆင့်အလိုက် အရေးယူဆောင်ရွက်ထားမှုတို့ကို စစ်ဆေးခဲ့ပါသည်။ ၎င်းအပြင် စာရင်းသစ်ဖွင့်လှစ်ရာတွင် KYC, CDD တို့နှင့်အညီ ပြည့်စုံစွာဆောင်ရွက်ထားမှု၊ AML, CFT လုပ်ငန်းများနှင့် ပတ်သက်၍မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့် Compliance Department ၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားမှု၊ ငွေကြေးဌာန လုပ်ငန်းများနှင့် ပတ်သက်၍ ကိုက်ညီမှု၊ ချေးငွေအမျိုးအစား အမျိုးမျိုး၏ ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ စီမံဌာနများနှင့် ပက်သက်၍လည်းကောင်း စစ်ဆေးပြီး အကြံပြုချက်များပေး၍ ပံ့ပိုးဆောင်ရွက်ခဲ့ပါသည်။

ဘဏ်တွင်းစာရင်းစစ်ဌာန (Internal Audit Department) ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ညွှန်ကြားချက်နှင့်အညီ စာရင်းစစ်ကော်မတီ၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ဘဏ်၏နေ့စဉ်စာရင်းလုပ်ငန်းများ၊ လချုပ်စာရင်းများ၊ ချေးငွေလုပ်ငန်းများ၊ စီမံရေးရာ လုပ်ငန်းများနှင့် ငွေးကြေးဌာန၏ လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် စစ်ဆေးလျက်ရှိပါသည်။ ထို့အပြင် ရန်ကုန်မြို့ပေါ်ရှိ ဘဏ်ခွဲ (၁၅) ခု၏ ငွေကြေးဌာနများကိုလည်း Flying Squad Cash Count Procedure ဖြင့်စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ စာရင်းစစ်ကော်မတီ၏ လမ်းညွှန်မှု၊ ညွှန်ကြား မှုများကို ခံယူ၍တိကျစွာ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။

(၂၀၂၀ - ၂၀၂၁) ဘဏ္ဍာနှစ်အတွင်း ဘဏ်ခွဲ (၂၀) ခု၏ စာရင်းဌာန၊ ငွေကြေးဌာန၊ စီမံဌာနနှင့် ချေးငွေဌာနတို့အား စစ်ဆေးခဲ့ပါသည်။ အဆိုပါ ဘဏ်ခွဲများအား စစ်ဆေးခဲ့သည့် တွေ့ရှိချက်များ၊ ချို့ယွင်းချက်များ၏ ပြုပြင်ဆောင်ရွက်မှုများကို Internal Audit Department မှ Follow up ပြုလုပ်ခဲ့ပါသည်။ ကျန်ဘဏ်ခွဲများအား Offsite Audit Procedure မှ အသုံးပြု၍ စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

Audit Universe ပါဝင်သည့် (၂၀၂၁ - ၂၀၂၂) ဘဏ္ဍာနှစ်အတွက် Audit Plan အား စနစ်တကျ ရေးဆွဲထားပြီး Risk Basd Audit Procedure ကိုစတင်အခြေခံ၍ ဘဏ်ခွဲများနှင့် ရုံးချုပ်ဌာနများကိုလည်း လုပ်ထုံးလုပ်နည်းများ၊ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် စပ်လျဉ်း၍စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါသည်။

# မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ကုန်ဆုံးသော နှစ်အတွက် ဒါရိုက်တာများ၏ တင်ပြချက်

ကျွန်ုပ်တို့ဒါရိုက်တာများ၏ ရေးသားတင်ပြချက်များအား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသည့် နှစ်အတွက် စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေးရှင်းတမ်းများ နှင့်အတူ အစုဝင်များသို့တင်ပြပါသည်။

## ဒါရိုက်တာများ၏ ထင်မြင်ယူဆချက်

ဘဏ္ဍာရေးရှင်းတမ်းများကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိဘဏ်၏ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း၊ ၎င်းနေ့ကုန်ဆုံးသောနှစ်နှင့်ဆိုင်သော ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှင်များ၏ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှု ရှင်းတမ်း နှင့်ငွေသားစီးဆင်းမှုရှင်းတမ်းများအား သင့်လျော်မှန်ကန်စွာ ရေးဆွဲထားပါသည်။ ဘဏ်သည်ပေးရန်ရှိသော အကြွေးများကို အချိန်စေ့ရောက်သောအခါ ပေးနိုင်သည်ဟု ယုံကြည်နိုင်လောက်သော အခြေအနေရှိပါသည်။

## ဒါရိုက်တာများ

ဘဏ်၏နာယကမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြစ်ပြီး ယခုတင်ပြချိန်၌ရှိသော ဘဏ်၏ဒါရိုက်တာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| အမှတ်စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးတိုးအောင်မြင့် | ဥက္ကဋ္ဌ |
| ၂။ | ဦးမင်းမင်း | ဒါရိုက်တာ |
| ၃။ | ဦးစိုးနိုင်(ခ)ဦးကိုကိုကြီး | ဒါရိုက်တာ |
| ၄။ | ဦးလှဦး | ဒါရိုက်တာ |
| ၅။ | ဦးထွန်းလွင် | ဒါရိုက်တာ |
| ၆။ | ဦးအုန်းဆိုင် | ဒါရိုက်တာ |
| ၇။ | ဦးဇေယျာသူရမွန် | ဒါရိုက်တာ |
| ၈။ | ဦးရန်ပိုင်စိုးဦး | ဒါရိုက်တာ |
| ၉။ | ဦးအောင်အောင် | ဒါရိုက်တာ |
| ၁၀။ | Daw Cherry Trivedi | ဒါရိုက်တာ |
| ၁၁။ | ဦးအောင်စိုး | လွတ်လပ်သောဒါရိုက်တာ |

## ဒါရိုက်တာများမှ အစုရှယ်ယာများနှင့် ငွေချေးစာချုပ်များအား ဝယ်ယူနိုင်သည့် အစီအစဉ်

ဘဏ္ဍာရေးကာလအတွင်းတွင်ဖြစ်စေ ကာလကုန်သည့်အချိန်တွင်ဖြစ်စေ ဘဏ်၏ဒါရိုက်တာများမှ ဘဏ် (သို့) ဘဏ်၏ မိတ်ဖက်အဖွဲ့အစည်းများ၏ အစုရှယ်ယာများ၊ ငွေချေးစာချုပ်များအား ဝယ်ယူခြင်းဖြင့် အကျိုးဖြစ်ထွန်းစေရန်စီစဉ် ဆောင်ရွက်မှုများတွင် ပါဝင်ပတ်သက်ခြင်း မရှိပါ။

**ရွေးပိုင်ခွင့်ရှိသောအစုရှယ်ယာများ**

ဘဏ်၏မထုတ်ဝေရသေးသော ရှယ်ယာများအား ဘဏ္ဍာရေးနှစ်အတွင်း Subscribe ပြုလုပ်ရန်အတွက် ရွေးပိုင်ခွင့်ပြုထားခြင်းမရှိပါ။

ဘဏ်၏မထုတ်ဝေရသေးသောရှယ်ယာများကို Option နည်းလမ်းများဖြင့် ဝယ်ယူရန်အတွက် ဘဏ္ဍာရေးနှစ်အတွင်း မည်သည့်ရှယ်ယာမှ ထုတ်ဝေထားခြင်းမရှိပါ။

ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန် ဘဏ်မှ Option အနေဖြင့် မထုတ်ဝေရသေးသော အစုရှယ်ယာ မရှိပါ။

ဒါရိုက်တာများကိုယ်စား

ဦးတိုးအောင်မြင့်
(ဥက္ကဋ္ဌ)

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်

တိုးအောင်မြင့်
ဥက္ကဋ္ဌ (ဒါရိုက်တာအဖွဲ့)
မြန်မာနိုင်ငံသားများဘဏ်လီမိတက်

ဝင်းသင်နှင့်အဖွဲ့၊ စာရင်းစစ်များ။
WIN THIN & ASSOCIATES
CERTIFIED PUBLIC ACCOUNTANTS
*HEAD OFFICE:-* Room (2B/2C) 1st Floor, Rose Condominium, No.182/194, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar. Tel: 95-1-8201798, 8296164, Fax: 95-1-8245671 Email: info@winthinassociates.com
*MANDALAY BRANCH:- OFFICE* Room (9/10), East Wing of Bahtoo Stadium, 70th Street (Between 29th & 30th Street), Mandalay Region, Myanmar. Tel: 95-2-4034451, Fax: 95-2-4034498

စာအမှတ် - ၁၇၂/အမ်-၂၄၉/ စက်တင်ဘာလ ၂၀၂၁

## ပြင်ပစာရင်းစစ် အစီရင်ခံစာ

**မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ အစုရှယ်ယာဝင်များသို့**

**ဘဏ္ဍာရေးရှင်းတမ်းများအပေါ်အစီရင်ခံခြင်း**

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် "မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်" ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှု ရှင်းတမ်းနှင့် အရေးပါသော စာရင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသောမှတ်စုများ ပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခဲ့ပြီး ဖြစ်ပါသည်။

**ဘဏ္ဍာရေးရှင်းတမ်းများအတွက်စီမံအုပ်ချုပ်သူများ၏တာဝန်**

၎င်းဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards – MFRSs) ကိုအခြေခံ၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီပြုစုပြီး သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။ ယင်းတာဝန်တွင် မသမာမှု၊ မှားယွင်းမှုတို့ကြောင့် အရေးပါသော လွဲမှားဖော်ပြမှုများမှ ကင်းရှင်းသော ဘဏ္ဍာရေးရှင်းတမ်းများအား သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်နှင့် စပ်လျဉ်းသော လုပ်ငန်းတွင်းထိန်းချုပ်မှုအစီအစဉ်ကို ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ သင့်လျော်သော စာရင်းဆိုင်ရာမူဝါဒများအား ရွေးချယ်ကျင့်သုံးခြင်းနှင့် အခြေအနေအရ ဆီလျော်သော စာရင်းဆိုင်ရာခန့်မှန်းချက်များကို ပြုလုပ်ခြင်းတို့လည်း ပါဝင်ပါသည်။

**စာရင်းစစ်၏တာဝန်**

ကျွန်တော်များအဖွဲ့၏တာဝန်မှာ ကျွန်တော်များ၏ စာရင်းစစ်ဆေးချက်ကို အခြေပြု၍ ယင်းဘဏ္ဍာရေးရှင်းတမ်းများ အပေါ် ထင်မြင်ယူဆချက်ပေးရန်ဖြစ်ပါသည်။ ကျွန်တော်များအဖွဲ့သည် မြန်မာနိုင်ငံစာရင်းစစ်ဆိုင်ရာစံများနှင့်အညီ စစ်ဆေးမှုများကိုဆောင်ရွက်ခဲ့ပါသည်။ ယင်းစံများအရ ကျွန်တော်များအဖွဲ့အနေဖြင့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များအား လိုက်နာရန်နှင့် ဘဏ္ဍာရေးရှင်းတမ်းများသည် အရေးပါသောအချက်များအား မှားယွင်းစွာ ဖော်ပြမှုများမှ ကင်းရှင်းကြောင်း ကျိုးကြောင်းဆီလျော်သေချာမှုရှိစေရန် အစီအစဉ်များရေးဆွဲပြီး စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။ စာရင်းစစ်ဆေးရာ၌ ဘဏ္ဍာရေးရှင်းတမ်းများတွင် ထုတ်ဖော်ပြသချက်များနှင့် ကျသင့်ငွေတန်ဖိုးများအတွက် စာရင်းစစ်အထောက်အထားများရယူရန် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန် ပါဝင်ပါသည်။ ရွေးချယ်ထားသော လုပ်ထုံးလုပ်နည်းများသည် မသမာမှု၊ မှားယွင်းမှုတို့ကြောင့် ဘဏ္ဍာရေးရှင်းတမ်းများ၏ အရေးပါသောမှားယွင်းချက်၏ အန္တရာယ်များကိုအကဲဖြတ်ခြင်းများအပါအဝင် စာရင်းစစ်၏ ပိုင်းခြားချင့်ချိန် သုံးသပ်ခြင်းအပေါ်တွင် မူတည်ပါသည်။

ထိုအန္တရာယ်များအား အကဲဖြတ်မှုများ ပြုလုပ်ရာတွင် စာရင်းစစ်သည် အခြေအနေနှင့်ဆီလျော်သော စာရင်းစစ်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန် အဖွဲ့အစည်း၏ ဘဏ္ဍာရေးရှင်းတမ်းများ ရေးဆွဲမှုနှင့်သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန် အလို့ငှာ သက်ဆိုင်သောဌာနတွင်းကြီးကြပ်ကွပ်ကဲမှုကို ထည့်သွင်းစဉ်းစားသော်လည်း ၎င်းအဖွဲ့၏ ဌာနတွင်းကြီးကြပ်ကွပ်ကဲမှု၏ ထိရောက်မှုအပေါ်တွင် ထင်မြင်ယူဆချက်ပေးရန် မရည်ရွယ်ပါ။ စာရင်းစစ်ဆေးရာတွင် စီမံခန့်ခွဲသူများက အသုံးပြုခဲ့သော စာရင်းကိုင်မူများ၏ ဆီလျော်မှုနှင့် ပြုလုပ်ခဲ့သော စာရင်းခန့်မှန်းခြေများ၏ ကျိုးကြောင်းဆီလျော်မှုကို သုံးသပ်ခြင်းနှင့် ဘဏ္ဍာရေးရှင်းတမ်းများ၏ တင်ပြချက်အားလုံးအပေါ် ခြုံငုံသုံးသပ်ခြင်းတို့လည်း ပါဝင်ပါသည်။

ကျွန်တော်များရရှိခဲ့သော စာရင်းစစ်အထောက်အထားများသည် ကျွန်တော်များ၏ စာရင်းစစ်ထင်မြင် ယူဆချက်ပေးရန်အတွက် လုံလောက်သင့်လျော်သော အခြေခံအကြောင်းအရင်းဖြစ်ကြောင်း ယုံကြည်ပါသည်။

**ထင်မြင်ယူဆချက်**

ဘဏ္ဍာရေးရှင်းတမ်းများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံ ဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards - MFRSs) ကိုအခြေခံ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ မြန်မာနိုင်ငံသားများဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေနှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုရလဒ်များနှင့် ငွေသားစီးဆင်းမှုနှင့် စပ်လျဉ်းသည့်အရေးပါသော အချက်များအားလုံးကို သင့်လျော်မှန်ကန်စွာ ဖော်ပြထားကြောင်း ကျွန်တော်များ ထင်မြင်ယူဆပါသည်။

**အခြားဥပဒေနှင့်စည်းကမ်းချက်ဆိုင်ရာလိုအပ်ချက်များအပေါ်အစီရင်ခံခြင်း**

ကျွန်တော်များအဖွဲ့မှ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ
(၁) လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းချက်များအားလုံးကို ရရှိပြီးဖြစ်ကြောင်း၊
(၂) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၂၅၈နှင့် အညီ ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများကို ထိန်းသိမ်းထားရှိကြောင်း အစီရင်ခံအပ်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံ ငွေရေးကြေးရေး ဥပဒေပုဒ်မ-၈၉ အရ စီမံခန့်ခွဲသူများသို့ ပေးပို့သော အစီရင်ခံစာပါ ကိစ္စရပ်မှလွဲ၍ ဘဏ္ဍာရေးရှင်းတမ်းများသည် ပြည့်စုံလုံလောက်စွာနှင့် သင့်တင့်လျောက်ပတ်စွာ ရေးဆွဲထားပြီး ဘဏ်၏အရာထမ်းအမှုထမ်းများထံမှ ရရှိသော သတင်းအချက်အလက်များသည်လည်း ကျေနပ်ဖွယ်ရာဖြစ်သည်ဟု ကျွန်တော်များ ထင်မြင်ယူဆပါသည်။

နေမင်းသန့် (ပီအေပီပီ - ၄၆၆)
အစုဝင်
ဝင်းသင်နှင့်အဖွဲ့၊ စာရင်းစစ်များ။
အမှတ် ၁၈၂/၁၉၄၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

နေ့စွဲ။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၈)ရက်။

**မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**
**၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ**
**ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း**

| | မှတ်စု | ၂၀၂၁<br>မြန်မာကျပ် | ၂၀၂၀<br>မြန်မာကျပ် |
|---|---|---|---|
| **ရရန်ပိုင်ခွင့်များ** | | | |
| ငွေနှင့်ဘဏ်လက်ကျန် | ၆ | ၈၅,၆၀၆,၁၄၉,၆၂၅ | ၁၁၀,၃၆၇,၂၅၃,၈၁၈ |
| ချေးငွေလက်ကျန် | ၇ | ၂၄၄,၆၈၉,၉၆၀,၄၁၄ | ၃၁၆,၁၁၈,၁၂၀,၂၅၉ |
| ရင်းနှီးမြှုပ်နှံမှုများ | ၈ | ၂၅၉,၂၂၈,၈၀၇,၈၈၂ | ၂၀၁,၆၁၄,၉၁၃,၈၃၂ |
| အခြားရပိုင်ခွင့်များ | ၉ | ၂၂,၅၀၀,၁၇၅,၉၀၀ | ၁၄,၁၅၉,၈၈၆,၁၁၀ |
| ပုံသေပိုင်ပစ္စည်း | ၁၀ | ၁၇,၄၁၈,၃၉၄,၁၈၂ | ၁၈,၈၁၂,၂၈၉,၃၅၆ |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်း | ၁၁ | ၃,၉၅၈,၇၃၅,၁၃၄ | ၃,၉၈၇,၅၀၀,၇၆၈ |
| **စုစုပေါင်းရရန်ပိုင်ခွင့်များ** | | ၆၃၃,၄၀၂,၂၂၃,၁၃၆ | ၆၆၅,၀၅၉,၉၆၄,၁၄၃ |
| **ပေးရန်တာဝန်များ** | | | |
| အပ်ငွေများ | ၁၂ | ၅၃၂,၆၃၁,၉၈၅,၆၈၉ | ၅၇၈,၁၅၉,၉၃၉,၇၆၆ |
| အခြားပေးရန်တာဝန်များ | ၁၃ | ၂၃,၃၄၇,၈၂၉,၉၈၄ | ၂၂,၁၆၁,၇၈၅,၃၁၃ |
| ချေးယူငွေများ | ၁၄ | ၁၁,၆၀၈,၀၀၀,၀၀၀ | - |
| **စုစုပေါင်းပေးရန်တာဝန်များ** | | ၅၆၇,၅၈၇,၈၁၅,၆၇၃ | ၆၀၀,၃၂၁,၇၂၅,၀၇၉ |
| **အစုရှင်များ၏ပိုင်ဆိုင်ခွင့်** | | | |
| ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | ၁၅ | ၅၇,၁၂၄,၆၆၂,၈၀၀ | ၅၇,၁၂၄,၆၆၂,၈၀၀ |
| ရန်ပုံငွေများ | ၁၆ | ၁၃,၃၉၆,၉၈၇,၀၁၄ | ၁၃,၀၁၅,၄၁၀,၅၇၉ |
| အမြတ်လက်ကျန် | | (၄,၇၀၇,၂၄၂,၃၅၁) | (၅,၄၀၁,၈၃၄,၃၁၅) |
| **စုစုပေါင်းအစုရှင်များ၏ ပိုင်ဆိုင်ခွင့်** | | ၆၅,၈၁၄,၄၀၇,၄၆၃ | ၆၄,၇၃၈,၂၃၉,၀၆၄ |
| **စုစုပေါင်း အစုရှင်များ၏ပိုင်ဆိုင်ခွင့်နှင့်ပေးရန်တာဝန်များ** | | ၆၃၃,၄၀၂,၂၂၃,၁၃၆ | ၆၆၅,၀၅၉,၉၆၄,၁၄၃ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများကိုကြည့်ပါ။*

ဒါရိုက်တာများမှ အတည်ပြုချက်

**Htun Htun Oo**
**Chief Financial Officer**
**Myanmar Citizens Bank Ltd.**

တိုးအောင်မြင့်
ဥက္ကဋ္ဌ (ဒါရိုက်တာအဖွဲ့)
မြန်မာနိုင်ငံသားများဘဏ်လီမိတက်

**မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**
**၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ကုန်ဆုံးသောနှစ်အတွက်**
**ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း**

| | မှတ်စု | ၂၀၂၁<br>မြန်မာကျပ် | ၂၀၂၀<br>မြန်မာကျပ် |
|---|---|---|---|
| အတိုးဝင်ငွေ | ၁၇ | ၄၄,၂၀၉,၄၁၉,၁၄၆ | ၄၆,၀၄၀,၅၀၁,၂၆၂ |
| အတိုးစရိတ် | ၁၈ | (၃၁,၄၄၃,၆၇၃,၁၁၉) | (၃၅,၀၇၄,၁၃၄,၈၃၀) |
| **အသားတင် အတိုးဝင်ငွေ** | | ၁၂,၇၆၅,၇၄၆,၀၂၇ | ၁၀,၉၆၆,၃၆၆,၄၃၂ |
| အသားတင် ကော်မရှင်ဝင်ငွေနှင့်အခကြေးငွေ | ၁၉ | ၂,၂၁၇,၈၉၇,၀၆၇ | ၃,၆၉၉,၆၇၉,၆၂၁ |
| အခြားဝင်ငွေ | ၂၀ | ၁,၅၀၂,၄၀၉,၆၃၈ | ၃၃၉,၄၉၈,၆၂၉ |
| | | ၁၆,၄၈၆,၀၅၂,၇၃၂ | ၁၅,၀၀၅,၅၄၄,၆၈၂ |
| သီးသန့်ကြွေးဆုံးလျာထားငွေ | | (၃,၁၆၅,၂၅၃,၀၈၂) | (၆,၅၁၇,၈၄၉,၆၂၄) |
| ချေးငွေဆုံးရှုံးမှုအထွေထွေလျာထားငွေ | | ၁,၇၀၉,၃၁၃,၃၅၅ | (၁၄၆,၈၃၉,၈၂၀) |
| **စုစုပေါင်းဝင်ငွေ** | | ၁၅,၀၃၀,၁၁၃,၀၀၅ | ၈,၃၄၀,၈၅၅,၂၃၈ |
| ဝန်ထမ်းရေးရာစရိတ် | ၂၁ | (၆,၀၆၃,၉၄၃,၉၆၃) | (၇,၅၂၇,၂၁၇,၁၃၀) |
| စီမံခန့်ခွဲမှုနှင့် အထွေထွေစရိတ် | ၂၂ | (၅,၀၈၅,၆၁၉,၉၂၆) | (၄,၇၁၅,၉၀၁,၀၃၀) |
| တန်ဖိုးလျော့ | ၁၀,၁၁ | (၂,၀၅၈,၀၃၈,၃၂၆) | (၁,၉၈၀,၄၅၃,၄၁၂) |
| **အခွန်မလျာထားမီအသားတင်အမြတ်/(အရှုံး)** | | ၁,၈၂၂,၅၁၀,၇၉၁ | (၅,၈၈၂,၇၁၆,၃၃၄) |
| ဝင်ငွေခွန်စရိတ် | ၂၃ | (၂၉၆,၂၀၅,၀၅၀) | - |
| **အခွန်လျာထားပြီးအသားတင်အမြတ်/(အရှုံး)** | | ၁,၅၂၆,၃၀၅,၇၄၂ | (၅,၈၈၂,၇၁၆,၃၃၄) |
| နှစ်အတွင်းအခြားသောဝင်ငွေအလုံးစုံ | | - | - |
| **နှစ်အတွင်းစုစုပေါင်းဝင်ငွေအလုံးစုံ** | | ၁,၅၂၆,၃၀၅,၇၄၂ | (၅,၈၈၂,၇၁၆,၃၃၄) |
| အစုရှယ်ယာတစ်စု၏အခြေခံဝင်ငွေ/(အရှုံး) နှင့် လျော့နည်းဖွယ်ရှိသော ဝင်ငွေ/(အရှုံး) | ၂၄ | ၁၄၇ | (၅၆၆) |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ။*

## မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
## ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ကုန်ဆုံးသောနှစ်အတွက်
## အစုရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း

| | ရင်းနှီးငွေ<br>မြန်မာကျပ် | ရန်ပုံငွေ<br>မြန်မာကျပ် | အမြတ်လက်ကျန်<br>မြန်မာကျပ် | စုစုပေါင်း<br>မြန်မာကျပ် |
|---|---|---|---|---|
| **၂၀၂၁ ခုနှစ် စက်တင်ဘာလ (၃၀) ရက်နေ့ကုန်ဆုံးသောနှစ်အတွက်** | | | | |
| စာရင်းဖွင့်လက်ကျန် (၁-၁၀-၂၀၂၀) | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၃,၀၁၅,၄၁၀,၅၇၉ | (၅,၄၀၁,၈၃၄,၃၁၅) | ၆၄,၇၃၈,၂၃၉,၀၆၄ |
| ယခင်နှစ်စာရင်းညှိနှိုင်းချက် | - | - | (၄၅၀,၁၃၇,၃၄၂) | (၄၅၀,၁၃၇,၃၄၂) |
| စာရင်းဖွင့်လက်ကျန်ပြန်လည်ဖော်ပြမှု | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၃,၀၁၅,၄၁၀,၅၇၉ | (၅,၈၅၁,၉၇၁,၆၅၇) | ၆၄,၂၈၈,၁၀၁,၇၂၂ |
| ရန်ပုံငွေသို့ စာရင်းပြောင်းရွှေ့မှု | - | ၃၈၁,၅၇၆,၄၃၅ | (၃၈၁,၅၇၆,၄၃၅) | - |
| နှစ်အတွင်းအမြတ်/(အရှုံး) | - | - | ၁,၅၂၆,၃၀၅,၇၄၂ | ၁,၅၂၆,၃၀၅,၇၄၂ |
| **စာရင်းပိတ်လက်ကျန် (၃၀-၉-၂၀၂၁)** | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၃,၃၉၆,၉၈၇,၀၁၄ | (၄,၇၀၇,၂၄၂,၃၅၁) | ၆၅,၈၁၄,၄၀၇,၄၆၃ |

| | | | | |
|---|---|---|---|---|
| **၂၀၂၀ ခုနှစ် စက်တင်ဘာလ (၃၀) ရက်နေ့ကုန်ဆုံးသောနှစ်အတွက်** | | | | |
| စာရင်းဖွင့်လက်ကျန် (၁-၁၀-၂၀၁၉) | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၃,၀၁၅,၄၁၀,၅၇၉ | ၄,၆၈၀,၁၉၀,၀၁၉ | ၇၄,၈၂၀,၂၆၃,၄၁၈ |
| ယခင်နှစ်စာရင်းညှိနှိုင်းချက် | - | - | (၃၈,၉၁၃,၆၂၀) | (၃၈,၉၁၃,၆၂၀) |
| စာရင်းဖွင့်လက်ကျန်ပြန်လည်ဖော်ပြမှု | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၃,၀၁၅,၄၁၀,၅၇၉ | ၄,၆၄၁,၂၇၆,၄၁၉ | ၇၄,၇၈၁,၃၄၉,၇၉၈ |
| အမြတ်ဝေစု | - | - | (၄,၁၆၀,၃၉၄,၄၀၀) | (၄,၁၆၀,၃၉၄,၄၀၀) |
| နှစ်အတွင်းအမြတ်/(အရှုံး) | - | - | (၅,၈၈၂,၇၁၆,၃၃၄) | (၅,၈၈၂,၇၁၆,၃၃၄) |
| **စာရင်းပိတ်လက်ကျန် (၃၀-၉-၂၀၂၀)** | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၃,၀၁၅,၄၁၀,၅၇၉ | (၅,၄၀၁,၈၃၄,၃၁၅) | ၆၄,၇၃၈,၂၃၉,၀၆၄ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများကိုကြည့်ပါ။*

## မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
## ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ကုန်ဆုံးသောနှစ်အတွက်
## ငွေသားစီးဆင်းမှုရှင်းတမ်း

| | မှတ်စု | ၂၀၂၁ (မြန်မာကျပ်) | ၂၀၂၀ (မြန်မာကျပ်) |
|---|---|---|---|
| **လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| အခွန်မလျာထားမီအသားတင်အမြတ်/(အရှုံး) | | ၁,၈၂၂,၅၁၀,၇၉၁ | (၅,၈၈၂,၇၁၆,၃၃၄) |
| *စာရင်းညှိနှိုင်းချက်များ* | | | |
| ပုံသေပိုင်ပစ္စည်းတန်ဖိုးလျော့ | ၁၀ | ၁,၅၄၉,၀၄၂,၅၉၉ | ၁,၅၁၂,၂၇၄,၆၅၄ |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းတန်ဖိုးလျော့ | ၁၁ | ၅၀၈,၉၉၅,၇၂၆ | ၄၆၈,၁၇၈,၇၅၈ |
| ဆုံးရှုံးမှုလျာထားချက် | | ၂,၂၂၆,၇၄၀,၂၂၇ | ၆,၆၆၄,၆၈၉,၄၄၄ |
| ပုံသေပိုင်ပစ္စည်းထုခွဲရောင်းချခြင်းမှ အရှုံး | | ၂,၆၅၇,၆၀၉ | (၅,၇၈၈,၇၃၈) |
| ပုံသေပိုင်ပစ္စည်း စာရင်းပယ်ဖျက်မှု | | ၈,၂၁၃,၃၀၇ | ၅,၈၂၂,၅၃၅ |
| ယခင်နှစ်စာရင်းညှိနှိုင်းမှုများ | | (၄၅၀,၁၃၇,၃၄၂) | (၁၈,၉၁၃,၆၂၀) |
| **လက်ငင်းရပိုင်ခွင့်နှင့် ပေးရန်တာဝန်များ ပြောင်းလဲမှုမတိုင်ခင် လုပ်ငန်းအမြတ်/(အရှုံး)** | | ၅,၆၆၈,၀၂၂,၉၁၇ | ၂,၇၂၃,၅၄၆,၆၉၉ |
| **လက်ငင်းရပိုင်ခွင့်နှင့်ပေးရန်တာဝန် အတိုး / အလျော့** | | | |
| ချေးငွေလက်ကျန် | | ၆၈,၂၆၂,၉၀၆,၇၆၃ | (၇,၃၃၇,၅၆၆,၁၂၈) |
| အခြားရပိုင်ခွင့်များ | | (၈,၃၃၇,၉၁၄,၇၈၉) | (၃,၉၂၆,၉၆၀,၈၁၆) |
| အပ်ငွေစာရင်း | | (၄၅,၅၂၇,၉၅၄,၀၇၇) | ၁၄၄,၁၁၄,၆၀၆,၃၅၄ |
| အခြားပေးရန်တာဝန်များ | | ၁,၈၂၈,၃၅၂,၄၇၇ | ၆,၅၆၂,၉၃၄,၂၉၇ |
| **လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှု** | | ၂၁,၈၉၃,၄၁၃,၂၉၁ | ၁၄၂,၁၃၆,၅၆၀,၄၀၆ |
| ဝင်ငွေခွန်ပေးဆောင်မှု | | (၂,၃၇၅,၀၀၀) | (၁,၁၁၁,၄၅၄,၀၉၇) |
| **လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဝင်မှု/(အသုံးပြုမှု)** | | ၂၁,၈၉၁,၀၃၈,၂၉၁ | ၁၄၁,၀၂၅,၁၀၆,၃၀၉ |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| ငွေတိုက်စာချုပ် နှင့်အခြားရင်းနှီးမြှုပ်နှံမှုများ (ဝယ်ယူမှု)/ ရောင်းချမှု | | (၅၇,၆၁၃,၈၉၄,၀၅၀) | (၁၃၄,၇၃၆,၃၆၂,၅၃၂) |
| ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှဝင်ငွေ | | ၁၀၂,၄၄၉,၀၆၄ | ၁၅,၄၇၀,၀၀၀ |
| ပုံသေပိုင်ပစ္စည်းဝယ်ယူမှု | ၁၀ | (၂၆၈,၄၆၇,၄၀၆) | (၄,၇၇၀,၅၈၉,၁၀၈) |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းအတွက် ကုန်ကျငွေ | ၁၁ | (၄၈၀,၂၃၀,၀၉၂) | (၉၇၂,၅၃၄,၃၇၄) |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ အသားတင်ငွေသားစီးဝင်မှု/(အသုံးပြုမှု)** | | (၅၈,၂၆၀,၁၄၂,၄၈၄) | (၁၄၀,၄၆၄,၀၁၆,၀၁၄) |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| ချေးငွေရယူခြင်း/(ချေးငွေပြန်လည်ပေးဆပ်ခြင်း) | | ၁၁,၆၀၈,၀၀၀,၀၀၀ | (၁,၀၀၀,၀၀၀,၀၀၀) |
| အမြတ်ဝေစုထုတ်ပေးငွေ | | - | (၄,၁၆၀,၇၄၄,၁၂၉) |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဝင်မှု/ (အသုံးပြုမှု)** | | ၁၁,၆၀၈,၀၀၀,၀၀၀ | (၅,၁၆၀,၇၄၄,၁၂၉) |
| **ငွေသားအသားတင် အတိုး /(အလျော့)** | | (၂၄,၇၆၁,၁၀၄,၁၉၃) | (၄,၅၉၉,၆၅၃,၈၃၄) |
| **စာရင်းဖွင့် ငွေနှင့်ဘဏ်လက်ကျန်** | ၆ | ၁၁၀,၃၆၇,၂၅၃,၈၁၈ | ၁၁၄,၉၆၆,၉၀၇,၆၅၂ |
| **စာရင်းပိတ် ငွေနှင့်ဘဏ်လက်ကျန်** | ၆ | ၈၅,၆၀၆,၁၄၉,၆၂၅ | ၁၁၀,၃၆၇,၂၅၃,၈၁၈ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများကိုကြည့်ပါ။*

**DRIVE TOGETHER**
**TO EXCEL**

# 2021
ANNUAL REPORT

MCB
Myanmar Citizens Bank

No.383, Marhar Bandula Road,
Kyauktada Township, Yangon, Myanmar.

+95 1 2399663
+95 1 8386018

www.mcb.com.mm